ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 30 July 2023 ၁၁၁၇၂

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသ

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအခြေအနေများနှင့်ပတ်သက်၍ အခမ်းအနား တက်ရောက်လာကြသူများအား ရှင်းလင်းပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်အတွင်း တည်ထား ကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

တက်ရောက်

အခမ်းအနားသို့ ညွှန်ကြားကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

စာမျက်နှာ » ၅

အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများအပေါ် ကြိုတင်စီမံပြင်ဆင်ခြင်း

ဆောင်းပါး စာမျက်နှာ » ၆

အထက်ရဲရွာမှ ဖော်ဆောင်ပေးမည့် အလင်းစွမ်းအား

ဆောင်းပါး

စာမျက်နှာ » ၁၀

ကြေးမုံ

ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှု သတိပြု

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေတွင်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဌာန်ကြားမှ ဦးစီးဌာနက ခန့်မှန်းထားသည်။

အယ်လ်နီညိုဆိုသည်မှာ အစွန်းရောက်သဘာဝဘေးတစ်ခုဖြစ်ပြီး အလွန်ပူနွေးခြောက်သွေ့သည့်ဖြစ်စဉ်တစ်ခုဟု အကြမ်းဖျင်းမှတ်သားနိုင်သည်။ တိတိကျကျဆိုလျှင် တောင်အမေရိကတိုက်၏ ကမ်းရိုးတန်းနိုင်ငံများဖြစ်သည့် အီကွေဒေါနှင့် ပီရူးနိုင်ငံများဆီသို့ ခရစ္စမတ်ကာလ တိုးဝင်လာတတ်သော ပင်လယ်ရေပူစီးကြောင်းများကို ဒေသခံတံငါသည်များက ခေါ်ဝေါ်ကြသောအမည်ဖြစ်သည်။ ယေဘုယျအားဖြင့် ငါးနှစ်မှ ခုနစ်နှစ်အတွင်း တစ်ကြိမ်ဖြစ်ပေါ်တတ်သည်။ ယခုနောက်ပိုင်း နှစ်နှစ်သုံးနှစ်တွင် တစ်ကြိမ်ဖြစ်ပေါ်လာသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာတစ်ဝန်း၌ အကျိုးသက်ရောက်မှုရှိလာသည်။ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှု မူမမှန်ခြင်းစသည့် ရာသီဥတုဆိုင်ရာ အပြောင်းအလဲများ ဖြစ်ပေါ်လေ့ရှိသည်။ ယခုအခါ အယ်လ်နီညိုဖြစ်စဉ်ကို မြန်မာနိုင်ငံလည်း ကြုံတွေ့ခံစားနေရပြီး အချို့ဒေသများ၌ မိုးသည်းထန်မှု၊ မိုးရွာသွန်းမှု အပြောင်းအလဲမြန်ဆန်မှု၊ ပူလိုက်အေးလိုက်ဖြစ်ပေါ်မှု၊ အချို့ဒေသများ၌ မိုးခေါင်မှု၊ လေပြင်းတိုက်ခတ်မှုစသည့် မူမမှန်သောဖြစ်စဉ်များဖြစ်ပေါ်နေသည်။

မြန်မာနိုင်ငံအနေဖြင့် အယ်လ်နီညိုဖြစ်စဉ် အားအနည်းငယ်ဟုဆိုသော်လည်း အားကောင်းသည့်ဖြစ်စဉ်မျိုး ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသည်။ ဥရောပနိုင်ငံများနှင့် ဂျပန်နိုင်ငံတွင် အပူချိန်ပြင်းထန်မှုကို ဆိုးဆိုးရွားရွား ကြုံတွေ့နေသည်။ ဥရောပနိုင်ငံအချို့နှင့်ဂျပန်နိုင်ငံတို့တွင် အသက်အန္တရာယ်ခြိမ်းခြောက်နိုင်သည်အထိ အပူချိန်မြင့်တက်နေပြီး ဂျပန်နိုင်ငံ၌ ဇွန်လတွင် အပူလျှပ်လူနာပေါင်း ၁၅၉၆၉ ဦးဖြင့် အများဆုံးမှတ်တမ်းတင်ထားသည်။ ဖိလစ်ပိုင်နှင့်အခြားနိုင်ငံများ၌ မုန်တိုင်းနှင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေပြီး အသက်သေဆုံးမှုများရှိနေသည်။ အဆိုပါနိုင်ငံများ၌ ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်ရေးအတွက် အလျင်အမြန်ဆောင်ရွက်နေကြသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ၁၉၉၇-၁၉၉၈ ခုနှစ်တွင် မြန်မာနိုင်ငံရှိ မြို့ကြီး ၁၈ မြို့၌ အပူချိန်အမြင့်ဆုံး စံချိန်တင်ခဲ့သည်။ မြို့ကြီး ၁၅ မြို့တွင် မိုးရေချိန်အနည်းဆုံးစံချိန်သစ်တင်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော အားကောင်းသည့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် စံချိန်တင်ပူပြင်းခြောက်သွေ့မှုများဖြစ်ပေါ်ခဲ့ပြီး အရေးကြီးကိစ္စတစ်ရပ်အဖြစ် နိုင်ငံတော်က ဆောင်ရွက်ခဲ့ရသည်။ ၂၀၁၆ ခုနှစ်တွင် စံချိန်တင်မီးလောင်ကျွမ်းမှုများ၊ ပူပြင်းခြောက်သွေ့မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ရောဂါဘယဖြစ်မှုများ၊ သောက်သုံးရေရှားပါးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ လက်ရှိတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းများနှင့်ကြုံတွေ့ရပြီး အယ်လ်နီညိုဖြစ်စဉ်အရ ရာသီဥတုပြောင်းလဲခြင်း၏ သက်ရောက်မှုများကို ဆက်လက်ခံစားကြရဦးမည်ဖြစ်သည်။

ကမ္ဘာကြီး၏ ရာသီဥတုအခြေအနေသည် သက်ရှိများ မျှတစွာရှင်သန်ရပ်တည်နိုင်ရန် ပုံမှန်သဟဇာတရှိသည့်အခြေအနေများ ဖန်တီးပေးထားသည့် အကောင်းဆုံးအခြေအနေဖြစ်သည်။ သို့သော် လူသားများ အလိုဆန္ဒကြီးမားမှုနှင့် တိုးတက်မှုရှာဖွေလိုသည့် ကြိုးစားအားထုတ်မှုများကို ဦးစားပေးကြသောကြောင့် သဘာဝပတ်ဝန်းကျင်ကို မျက်ကွယ်ပြုကာနေခဲ့ကြသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များပေါ်ပေါက်လာပြီး သက်ရှိလူသားများ ကြုံတွေ့ခံစားကြရသည်။ ယခုအခါ ရာသီဥတုပြောင်းလဲမှု၏ စိုးရိမ်ဖွယ်ရာအခြေအနေများကို နိုင်ငံများက သိရှိလာကြသောကြောင့် ပိုမိုကောင်းမွန်သည့်ကမ္ဘာကြီး ပြန်လည်ဖြစ်တည်လာစေရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို မဟာဗျူဟာစီမံချက်များရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော်နေကြသည်။ အထူးသဖြင့် အစိုးရအပိုင်းက ဦးဆောင်အကောင်အထည်ဖော်နေကြပြီး ပြည်သူများအပိုင်းက အားလုံးပါဝင်လုပ်ဆောင်လာရန် လိုအပ်နေသေးသည်။

သို့ဖြစ်ရာ ရာသီဥတုနှင့်ဂေဟစနစ်ကြီးတစ်ခုလုံး သမမျှတစွာရှိနေရန်အတွက် ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သော ဆောင်ရွက်မှုမှန်သမျှကို ထိန်းသိမ်းလျှော့ချဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုဖြစ်ပေါ်နေသော အစွန်းရောက်ရာသီဥတုဖြစ်စဉ် အယ်လ်နီညိုကြောင့် ပူပြင်းခြောက်သွေ့မှုများ၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ရာ အကျိုးဆက်အနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ တည်ဆောက်ရေး စသည့်ကဏ္ဍစုံတွင် ထိခိုက်မှုများရှိလာနိုင်သဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို သတိပြုပြီး သဘာဝပတ်ဝန်းကျင်ကို ကမ္ဘာ့လူသားအားလုံး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အောင်စည်သာပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ပညာမဏ္ဍိုင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မဟာမြိုင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ မဟာမြိုင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ဂုဏ်ရည်လွင် ပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်ရှိအောင်သုခဗိမာန်ကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ပါဠိကာရီပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလဲကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဗောဓိမဏ္ဍိုင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ချမ်းမြသာစည်ကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ ရွှေကျင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မဟာမဓိကာရာမကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ရက္ခဝတီတပ်ဦးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ အလုပ်အမှုဆောင် (အထူး)အစည်းအဝေးကို ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ ယင်းရုံးအစည်းအဝေးခန်းမတွင် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အစည်းအဝေးမစမီ နာယက ဦးဌေးအောင်က ဌေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးဝဏ္ဏက လက်ခံရယူပေးစဉ်။

ဘော်ဂါသွေး

သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်၌ ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်(သင်္ဃန်းကျွန်း)နှင့် သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသော ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ် ပညာနေခြည်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး(ညွှန်ကြားရေးမှူး) ဦးဆန်းဝင်းက ကျပန်းစကားပြောပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က ကျပန်းစကားပြောပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများက ၎င်းတို့သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ထူးချွန်ဆုရရှိသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က အကဲဖြတ်ဒိုင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ကျပန်းစကားပြောပြိုင်ပွဲကျင်းပပြုလုပ်ခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများက အခမ်းအနားတွင် ပြသထားသော လူငယ်ရေးရာဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊		ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
	ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊	အင်ယိတန်း	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
	ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	သတင်းထောက်များ	ဦးသန်းတင်အောင်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	သုတေသန	- ဒေါ်ဇင်မာဝင့်
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာပြင်	- ဒေါ်မြသီတာနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀ဖြ၇-၃ဖ၁၂ဖ၊ စာတည်းအဖွဲ့ ၀ဖြ၇-၃ဖ၁၂၈၊ ၀ဖြ၇-၃ဖ၁၃၀၊ ဖက်စ် ၀ဖြ၇-၃ဖ၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈ဖ၁၀ဖ၈၅ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ရှင်းလင်းပြသ

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မျူးကြီးမင်းအောင်လှိုင်က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးမှုများကို အခမ်းအနားတက်ရောက်လာကြသူများအား ရှင်းလင်းပြသစဉ်။

☆ ရှေ့ဖုံးမှ

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အေးချမ်းသာယာပြီး တည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြပြီး ခရီးသွားများပြားလာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားစေရန်အတွက်လည်းကောင်း ရည်ရွယ်၍ ကျိုင်းတုံမြို့ပန်ကွဲကျေးရွာအနီး ဗုဒ္ဓဥယျာဉ်တော်အတွင်း အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးကိုလည်း ၂၀၁၈ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့မှု။

အဆင့်ဆင့်ပင့်ဆောင်ခဲ့

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ကျောက်တုံးတော်ကြီးများ တူးဖော်ခြင်းလုပ်ငန်းကို စနစ်တကျဖြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု၊ ကျောက်တုံးတော်ကြီးအား ရတနာပုံခေတ်ဟန် ဘူမိဖဿမုဒ္ဒာဆင်းတုတော်ကြီးအဖြစ် တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှု၊ ရုပ်ပွားတော်ကြီးထုဆစ်မည့် ဆင်းတုတော်အပိုင်းများနှင့် ပလ္လင်တော်အပိုင်း ကျောက်တုံးတော်ကြီးများကို အပိုင်းလိုက်ခွဲ၍ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် အခက်အခဲများကြားမှ အဆင့်ဆင့်ပင့်ဆောင်ခဲ့မှု၊ ကမ္ဘာ့အလေးချိန်အများဆုံး ရေလမ်းခရီးသယ်ဆောင်မှုနှင့် ကုန်းလမ်းခရီးသယ်ဆောင်မှုဖြစ်ခဲ့သည့် အခြေအနေများ၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး အဆင့်အဆင့် တည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ရေး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့မှု၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူပိဋ္ဌကတ်ကျမ်းစာများကို ကမ္ဘာကပါသိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်လျက်ရှိမှု၊ မုစလိန္ဒနဂါးရုံဘုရား တည်ထားရာတွင်လည်း ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဋီကာနီးပါဠိတော်၊ ဇာတကအဋ္ဌကထာ စသည့် ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထားကိုးကွယ်ခဲ့မှု၊ ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက်လည်း ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ခြင်းနှင့် Tablet များဖြင့် ထည့်သွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိမှု။

ထည့်သွင်းတည်ဆောက်

မာရဝိဇယဥယျာဉ်အတွင်း ချောင်းဖြောင့်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီး မန္တလေး နန်းတော်မဂ်လာတံတားပုံစံ တံတားတစ်စင်းကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့မှု၊ ရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ တူရူအရပ်တွင် ဝိဇယဘူမိနိမ္မာန အောင်မြေတည်ထားမှု၊ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး စနစ်တကျ တွက်ချက်ဆောင်ရွက်ခဲ့မှု၊ စာမျက်နှာ ၄ သို့ ☆

☆ ကမ္ဘာ့အလေးချိန်အများဆုံး ရေလမ်းခရီးသယ်ဆောင်မှုနှင့် ကုန်းလမ်းခရီးသယ်ဆောင်မှုဖြစ်ခဲ့သည့် အခြေအနေများ၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး အဆင့်အဆင့် တည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ရေး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မျူးကြီးမင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းအတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းစဉ်။

☆ **စာမျက်နှာ ၃ မှ**

ပလ္လင်တော်အပိုင်းများကို အဆင့်ဆင့်တွဲဆက်ခဲ့မှု၊ ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်း လုပ်ငန်းများ အဆင့်ဆင့် တိုးတက်လာမှုမှတ်တမ်းများ၊ ဘုရားဖူးလာပြည်သူများ အနားယူနိုင်ရန်အတွက် သုခမ္မာဇရပ်များ တည်ဆောက်ထားရှိမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများအလိုက် CNC စက်ဖြင့်အဆင့်ဆင့်ထုဆစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယကျောင်းတော်နှင့် မုစလိန္ဒကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုနှင့် ကျည်းပင်များစိုက်ပျိုးထားရှိမှု၊ မုစလိန္ဒကန်တည်ဆောက်ခြင်းလုပ်ငန်း အဆင့်ဆင့်တိုးတက်လာမှု၊ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများအားအဆင့်ဆင့်တွဲဆက်ခဲ့မှုများ ဆောင်ရွက်ခဲ့မှု၊ ဘုရားဖူးလာမိဘပြည်သူများ အနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအားလာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋ္ဌကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာနာယူ ကြည်ညိုနိုင်ရေး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များထွင်းထု၍ ကျောက်စာရုံစေတီများတည်ထားမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု၊ ဆင်းတုတော်ကြီး၏ အပိုင်း(၁၂၃)တို့အား တွဲဆက်၍ ပင့်ထောင်ခြင်းလုပ်ငန်းနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် တပ်မတော်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှု၊ ရတနာပလ္လင်တော်ထက်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများ ဆောင်ရွက်ခဲ့မှုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ ခုနှစ်ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်ခဲ့မှု၊ ဆင်းတုတော်အပိုင်းကြီးများကို အဆင့်ဆင့်ပင့်ဆောင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့မှု၊ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်သော သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနာ့ဗိမာန် အဂ္ဂါဓိပတိ ဝိသုဂါမသိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ထားမှု အခြေအနေများ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆေးသက်နီးကပ်လှူပူဇော်ခဲ့မှုနှင့် ဥဏ္ဏာလုံမွေးရှင်တော်မြတ် တပ်ဆင်ပူဇော်ခဲ့မှု၊ လက်မှုအချောထည်လုပ်ငန်းနှင့် ဆေးသက်နီးကပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည် တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ် ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေး စနစ်တကျတွက်ချက် တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများ အသုံးပြု တည်ဆောက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်ဆင့်တိုးတက်လာမှု၊ ရင်ပြင်တော်ကြီး တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ဂန္ဓကုဋီတိုက်များ တည်ဆောက်ထားရှိမှု၊ သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့တက်ရောက်ရာတွင် အဆင်ပြေမှုရှိစေရေး စက်လှေကား ထည့်သွင်းတည်ဆောက်ထားရှိမှု၊ မဟာဗောဓိပင် စိုက်ပျိုးထားရှိမှုနှင့် လင်းလွန်းပင်နှင့် အင်ကြင်းတော စိုက်ပျိုးဆောင်ရွက်လျက်ရှိမှု၊ ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများ အဆင့်ဆင့်တိုးတက်လာမှု၊ ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကျင်းပရန် ပြင်ဆင်နေမှုနှင့် ဘုရားကြီးတည်ဆောက်ပြီးစီးပါက တွေ့ရှိရမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာနေ့) ခရစ်နှစ် ၂၀၂၃ ခုနှစ်

စာမျက်နှာ ၅ သို့ ☆

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများအား မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနာ့ဗိမာန်အဂ္ဂါဓိပတိဝိသုဂါမ သိမ်တော်ကြီးတည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းပြသစဉ်။

☆ စာမျက်နှာ ၄ မှ

သြဂုတ်လ ၁ ရက်တွင် နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည့် အခြေအနေများကို ပြောကြားသည်။

အလှူငွေများပေးအပ်လှူခါန်း

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူခါန်းလာသဖြင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ယနေ့တက်ရောက်လာကြသူများ၏ လှူခါန်းမှုအနေဖြင့် ပြည်တွင်း၊ ပြည်ပအလှူရှင် ၂၇၄ ဦးက လှူခါန်းငွေ ၅ ဒသမ ၀၄ ဘီလီယံ (ငွေကျပ် သန်း ၅၀၀၀ ကျော်)၊ အမေရိကန်ဒေါ်လာ ၂၃၀၀၀ နှင့် ထိုင်းဘတ်ငွေတစ်သိန်းတို့ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မတည်အလှူငွေများ စုပေါင်းလှူခါန်းကြခြင်းအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖြစ်လာမည့် စကျင်ကျောက်တုံးတော်ကြီးကို စတင်လှူခါန်းသည်မှ အနေကဇာတင် လှူခြင်းမပြုမီအထိ လှူခါန်းကုသိုလ်ပြုမှုများသည် ကုသိုလ်ကို အစပြုထူထောင်ကြသူ (Founder) များပင်ဖြစ်ပါကြောင်း၊ ယခုလှူခါန်းသည့် ကုသိုလ်မှာ အများကုသိုလ်ပင် ဖြစ်ပါကြောင်း၊ မင်းတုန်းမင်းကြီး တည်ထားခဲ့သည့် ကုသိုလ်တော်ဘုရားကြီးရှိ ကျောက်စာများမှာ နှစ်ပေါင်း ၁၆၀ ကျော်ရှိပြီဖြစ်သော်လည်း ယခုအချိန်အထိ ပျက်စီးယိုယွင်းမှုများ မရှိကြောင်း၊ အလားတူ ပုဂံရှိရှေးဟောင်းဘုရားများသည်လည်း ယနေ့ထက်တိုင် တည်တံ့နေဆဲဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မာရဝိဇယကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးမှာ နောင်နှစ်ပေါင်းများစွာအထိ တည်တံ့ခိုင်မြဲနေမည်ဖြစ်ပြီး မိမိတို့၏ နောင်လာနောက်သားများ အဆက်ဆက်အထိ တည်ရှိနေမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ယခုပစ္စုပ္ပန်ကာလတွင် လှူခါန်းခဲ့မှုများသည် မွန်မြတ်သည့် ကုသိုလ်များပင်ဖြစ်ပါကြောင်း၊ ယနေ့ရှင်းလင်းပွဲသို့ အချိန်ပေးမှုအပေါ် ကြည်ညိုသဒ္ဓါစိတ်များ ဖြစ်ပေါ်၍ လှူခါန်းကုသိုလ်ယူမှုများ အတွက်လည်း ဝမ်းမြောက်နေမော်သာခုခေါ်ဆိုအပ်ပါကြောင်း၊ ယနေ့လှူခါန်းမှုများအတွက် တူညီသည့် ကုသိုလ်များရရှိပါစေကြောင်းနှင့် စိတ်ချမ်းသာကိုယ်ကျန်းမာရှိကြပါစေကြောင်းဖြင့် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဘုရားကြီးနှင့် ဗုဒ္ဓဥယျာဉ်ပုံစံဝယ်များ၊ ပိဋ္ဌကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ထားမှုနှင့် Tablet များအတွင်း ထည့်သွင်းထားရှိမှုများကို ကြည့်ရှုကြပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တည်ထားကိုးကွယ်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လေ့လာဖူးမြော်

ဆက်လက်ပြီး အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ခဲ့ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ထားရှိမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အအုံများ ထည့်သွင်းတည်ဆောက်ထားရှိမှု၊ မုစလိန္ဒနဂါးရုံဘုရားနှင့် ကျောက်စာရုံစေတီတော်များ တည်ထားကိုးကွယ်ထားရှိမှုတို့နှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားမှုများအပေါ် စိတ်ဝင်တစားလေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၅)ရပ်ကွက်ရှိ လွယ်ဝိန်းကျောင်းတိုက်၌ သံဃာတော် ၁၃၅ ပါး၊ သာသနာ့နွယ်ဝင် သီလရှင်ခြောက်ပါးနှင့် ဒေသခံပြည်သူ ၆၀ တို့ကို လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက်ရှိ ဓမ္မရက္ခိတသီလရှင်စာသင်တိုက်၌ သာသနာ့နွယ်ဝင်သီလရှင် ၈၂ ပါးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စုရှိ ကုလားကြီးကုန်းကျောင်းတိုက်၌ သံဃာတော် ၁၂ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် သုံးပါးနှင့် ဒေသခံပြည်သူ ၁၄၂ ဦးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကက္ကူကြီးကျေးရွာရှိ ရာဇသေနဆုတောင်းပြည့်ကျောင်းတိုက်၌ သံဃာတော်နှစ်ပါး၊ ဒေသခံပြည်သူ ၂၈၂ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးကျောင်း၌ သံဃာတော် ၁၁၅ ပါးနှင့် ဒေသခံပြည်သူ ၅၀ တို့ကိုလည်းကောင်း ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုး အကြောရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ သားဖွားမီးယပ်ဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် လိုအပ်သည့် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ဆေးကုသရေးအဖွဲ့၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ရေကြည်မြို့နယ် ကက္ကူကြီးကျေးရွာရှိ ရာဇသေနဆုတောင်းပြည့်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူခါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဇူလိုင် ၂၉

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သိရသည်။

သတင်းစဉ်

အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများအပေါ် ကြိုတင်စီမံပြင်ဆင်ခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်းများ

၂၀၁၅ - ၂၀၁၆ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဗီယက်နမ်နိုင်ငံ၌ လယ်မြေများထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

မခေါ်ဘဲလာနေတဲ့ အယ်လ်နီညို

"အယ်လ်နီညို" ဆိုတာ ယေဘုယျအနေနဲ့ပြောရရင် မိုးရွာသွန်းမှုပုံစံပြောင်းလဲလို့ ပြင်းထန်တဲ့ အပူလှိုင်းတွေ၊ မိုးခေါင်မှုတွေ ဖြစ်ပေါ်စေတာလို့ နားလည်မှတ်သားမိပါတယ်။ အယ်လ်နီညိုကြောင့် အချို့ဒေသတွေမှာ မိုးခေါင်ပေမယ့် အချို့ဒေသတွေမှာတော့ မိုးများပြီး ရေလွှမ်းမိုးမှုတွေလည်း ကြုံတွေ့ရတာမျိုးတွေရှိပါတယ်။ ဒီတော့ အယ်လ်နီညိုလို့ဆိုလာရင် မိုးရွာသွန်းမှုပုံစံမူမမှန်တာ၊ အပူချိန်မြင့်မားတာ၊ မုန်တိုင်းတွေ ပုံမှန်မဟုတ်ဘဲ ဖြစ်ပေါ်တတ်ပြီး အလွယ်အနေနဲ့ ပြောရရင်တော့ ကမ္ဘာ့ရာသီဥတုက ပုံမှန်မဟုတ်ဘဲ ဖောက်ပြန်တဲ့ ဖြစ်စဉ်လို့ပြောရမှာဖြစ်ပါတယ်။ အယ်လ်နီညိုက သာမန်အားဖြင့် နှစ်နှစ်ကနေ ခုနစ်နှစ်အတွင်း တစ်ကြိမ်ဖြစ်ပေါ်တတ်ပြီး တစ်ကြိမ်ဖြစ်ရင် တစ်နှစ်လောက်အထိ ကြာတတ်တာမျိုးပါ။ အယ်လ်နီညို ဖြစ်စဉ်က ပုံသေတော့မရှိဘဲ မတူကွဲပြားတတ်ပါတယ်။

ကမ္ဘာမှာ အယ်လ်နီညိုဖြစ်စဉ် နောက်ဆုံးဖြစ်ခဲ့တာကတော့ ၂၀၁၆ ခုနှစ်ကဖြစ်ပြီး အပူပြင်းဆုံးနှစ်အဖြစ် စံချိန်တင်ခဲ့ပါတယ်။ လတ်တလောမှာ အယ်လ်နီညိုနဲ့ပတ်သက်ပြီး ခန့်မှန်းချက်တွေကို တွေ့လာရပါတယ်။ မိုးလေဝသပညာရှင်တွေကတော့ ၂၀၂၃ ခုနှစ်နဲ့ ၂၀၂၄ ခုနှစ်အတွင်းမှာ အယ်လ်နီညိုဖြစ်လာမယ်လို့ တွက်ချက်ထားပါတယ်။ ကာလအပိုင်းအခြားအနေနဲ့ တိတိကျကျခန့်မှန်းထားတာကတော့ ၂၀၂၃ ခုနှစ် စက်တင်ဘာလကနေ ၂၀၂၄ ခုနှစ် မတ်လအတွင်းမှာ အယ်လ်နီညိုဟာ အားအကောင်းဆုံးကာလဖြစ်လာမယ်လို့ ဆိုပါတယ်။

ကမ္ဘာတစ်ဝန်းတွေ့ကြုံရမယ့် အယ်လ်နီညို

အယ်လ်နီညိုကြောင့် အမေရိကန်ပြည်ထောင်စုတောင်ပိုင်း၊ အရှေ့မြောက်အာဖရိကနဲ့ ဆိုမာလီယာကျွန်းဆွယ်၊ အာရှ အလယ်ပိုင်းဒေသတွေမှာ ရေလွှမ်းမိုးပြီး သြစတြေးလျှအရှေ့ပိုင်း၊ အင်ဒိုနီးရှား၊ တောင်အာရှနဲ့ အမေရိကအလယ်ပိုင်းဒေသတွေမှာ မိုးခေါင်မှုနဲ့ အပူလှိုင်းကျရောက်နိုင်တယ်လို့ ကုလသမဂ္ဂက ကြေညာချက်ထုတ်ပြန်ထားပါတယ်။ ၂၀၂၃-၂၀၂၄ ခုနှစ်ကို အယ်လ်နီညိုနှစ်လို့ တရားဝင်သတ်မှတ်နိုင်တယ်လို့တောင် ဆိုထားပြန်ပါတယ်။

အယ်လ်နီညိုဖြစ်စဉ်က တစ်ကြိမ်နဲ့တစ်ကြိမ် သက်ရောက်မှုမတူပေမယ့် တောင်အာရှနဲ့ အရှေ့တောင်အာရှဒေသတွေမှာ မိုးခေါင်ရေရှားတာတွေ၊ ပိုမိုပူနွေးတာတွေ တွေ့ကြုံရလေ့ရှိပါတယ်။ စံချိန်သစ်တင်နိုင်တဲ့ အပူလှိုင်းဒဏ်ကိုလည်း အရှေ့တောင်အာရှဒေသအနေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ မိုးခေါင်ရေရှားဖြစ်လို့ မြေဆီလွှာတွေခြောက်သွေ့လို့ စိုက်ပျိုးရေးအတွက် အခက်အခဲတွေ့ရတတ်ပါတယ်။ အထူးသဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအပေါ် ကြီးမားတဲ့သက်ရောက်မှုတွေ အရှေ့တောင်အာရှဒေသမှာ တွေ့ကြုံလာနိုင်ပါတယ်။

အတိတ်က ကြုံတွေ့ခဲ့ဖူးတဲ့ဖြစ်စဉ်တွေကို ပြန်ကြည့်ရင်တော့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ အယ်လ်နီညိုကြောင့် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ သန်း ၆၀ ဟာ ထိခိုက်ဆုံးရှုံးမှုတွေ ခံစားခဲ့ရပါတယ်။ အထူးသဖြင့် စားရေရိက္ခာပြတ်လပ်မှုဒဏ်ကို အများအပြား ခံစားခဲ့ရတာပါ။ အဲဒီအချိန်က အရှေ့တောင်အာရှရဲ့ ဆန်ထုတ်လုပ်မှုဟာ အယ်လ်နီညို မဖြစ်ခင် နှစ်နှစ်က ထုတ်လုပ်နိုင်မှုထက် တန်ချိန် ၁၅ သန်း လျော့နည်းသွားခဲ့ပါတယ်။ အကျိုးဆက်အနေနဲ့ ကမ္ဘာ့ဆန်စျေးနှုန်းက ၁၆ ရာခိုင်နှုန်းအထိ မြင့်တက်သွားစေခဲ့ပါတယ်။

မြန်မာနိုင်ငံနဲ့လည်းမစိမ်းတဲ့ အယ်လ်နီညို

၁၉၉၇-၁၉၉၈ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံရှိ မြို့ကြီး ၁၈ မြို့မှာ အပူချိန်အမြင့်ဆုံး စံချိန်သစ်များ တင်ခဲ့သလို မြို့ကြီး ၁၅ မြို့မှာ မိုးရေချိန်အနည်းဆုံးစံချိန်သစ်များ တင်ခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံဟာ အယ်လ်နီညိုရာသီဥတုကို ခုနစ်နှစ်ကြုံတွေ့ခဲ့ရာမှာ လေးနှစ်က မိုးခေါင်ရေရှားမှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ကြုံခဲ့ရတဲ့ အားကောင်းတဲ့အယ်လ်နီညိုကြောင့် စံချိန်တင်ပူပြင်းခြောက်သွေ့မှုမျိုး ကြုံတွေ့ခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ်ထဲမှာ စံချိန်တင်မီးလောင်ကျွမ်းမှုတွေ ကြုံခဲ့ရသလို ပူပြင်းခြောက်သွေ့လွန်းတာကြောင့် သောက်သုံးရေရှားပါးမှုတွေလည်း ရင်ဆိုင်ခဲ့ရပါတယ်။ တစ်ဆက်တည်းမှာပဲ စိုက်ပျိုးရေးကဏ္ဍမှာ ပျက်စီးဆုံးရှုံးမှုတွေ ကြုံတွေ့ခဲ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ကတော့ "အယ်လ်နီညို" ဆိုတဲ့ ရာသီဥတုပုံမှန်မဟုတ်တဲ့ဖြစ်စဉ်က တစ်ခါမျှမကြုံဖူးတဲ့ ထူးခြားဖြစ်စဉ် မဟုတ်တော့ဘဲ အတွေ့အကြုံရှိပြီးသားလို့ ဆိုနိုင်ပါတယ်။ အယ်လ်နီညိုကို အကြိမ်ကြိမ်ကြုံဖူးတာမို့ ပေါ့ပေါ့ဆဆနဲ့ သတိမမူဘဲနေတာမျိုး မဖြစ်စေချင်ပါဘူး။ သက်ဆိုင်ရာကဏ္ဍအလိုက် တတ်နိုင်သမျှ ကြိုတင်ပြင်ဆင်ထားဖို့လိုမှာဖြစ်ပါတယ်။ အဓိကသတိရှိရမှာကတော့ အယ်လ်နီညိုရဲ့သက်ရောက်လာနိုင်မှုက ၂၀၂၄ ခုနှစ် အစောပိုင်းကာလတွေမှာ ပိုမိုလာနိုင်တာကိုပါပဲ။ အထူးသဖြင့် မိုးစပါးနဲ့ နွေစပါးထုတ်လုပ်မှုမှာ ထိခိုက်နိုင်ခြေရှိနေတဲ့ ခန့်မှန်းချက်တွေကို တွေ့နေရလို့ပါ။

အယ်လ်နီညိုသက်ရောက်မှုများနိုင်တဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ

အယ်လ်နီညိုဖြစ်စဉ်နဲ့အတူ မိုးခေါင်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေအပေါ် ထိခိုက်မှုရှိလာနိုင်ပါတယ်။ အထူးသဖြင့် ဆန်စပါး၊ ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတွေဟာ မျှတတဲ့ရာသီဥတုအပေါ်များစွာမှီခိုနေရတာမို့ အယ်လ်နီညိုလို ပြင်းထန်တဲ့ရာသီဥတုမျိုးမှာ အထွက်နှုန်းတွေ ထိခိုက်လာနိုင်ပါတယ်။ အယ်လ်နီညိုကြောင့် အာရှတစ်ခွင်မှာ နှံစားသီးနှံနဲ့ ဆီထွက်သီးနှံတွေ ထုတ်လုပ်မှုကျဆင်းပြီး ကမ္ဘာ့လူဦးရေအချို့အတွက် အစားအစာပြတ်လပ်မှု မြင့်မားလာနိုင်ကြောင်းကို ၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက်နေ့ကထုတ်တဲ့ ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။ အယ်လ်နီညိုကြောင့် နိုင်ငံတော်တော်များများရဲ့ စိုက်ပျိုးရေးကဏ္ဍအပေါ် ထိခိုက်နိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

၂၀၂၃ ခုနှစ် မတ်လမှ မေလအထိ ဖြစ်ပေါ်ခဲ့တဲ့အပူလှိုင်းဟာ ထိုင်း၊ လာအိုနဲ့ မြန်မာနိုင်ငံတို့မှာ ၄၅ ဒီဂရီစင်တီဂရိတ်၊ ဗီယက်နမ်နဲ့ မလေးရှားနိုင်ငံတို့မှာ ၄၀ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ယေဘုယျအားဖြင့် အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ် ကျော်သွားရင် စပါးအထွက်နှုန်းလျော့ကျစေပါတယ်။ ဖိလစ်ပိုင်ရှိ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနရဲ့ လေ့လာမှုအရ ခြောက်သွေ့ရာသီအတွင်း ညဘက်အပူချိန်က ပျမ်းမျှ ၁ ဒီဂရီစင်တီဂရိတ်တိုးလာတိုင်း စပါးအထွက်နှုန်းက ပျမ်းမျှ ၁၀ ရာခိုင်နှုန်း ဆုံးရှုံးနိုင်တယ်လို့ ဆိုပါတယ်။ စံအရ ရှိသင့်တဲ့အပူချိန်ထက်ကျော်လာတာနဲ့အမျှ စပါးအထွက်နှုန်းက လျော့ကျလာတာပါ။ အပူဒဏ်ခံရရင် ကစီဓာတ်ကိုလျော့နည်းစေတဲ့အပြင် အစေ့အဆန်တွေမှာ မြေသြဇာအာဟာရဓာတ်တိုးလာမှုကို လျော့ကျစေပါတယ်။ အပူဒဏ်ကြောင့် စပါးအထွက်နှုန်းသာမက အရည်အသွေးကိုပါ ထိခိုက်စေတာမျိုး တွေ့ရပါတယ်။ အယ်လ်နီညိုဖြစ်တဲ့ရာသီတွေဆိုရင် အပူဒဏ်သိပ်မခံနိုင်တဲ့ ပေါ်ဆန်းမွေးအစား အပူဒဏ်ပိုခံနိုင်တဲ့ ဇည့်မထလို စပါးမျိုး စိုက်ရင် ထိခိုက်မှုပိုနည်းမှာ ဖြစ်ပါတယ်။

အယ်လ်နီညိုကြောင့် ပူပြင်းခြောက်သွေ့ကာ ရေရှားမှုဖြစ်ပေါ်နိုင်ပြီး တိရစ္ဆာန်အစာရေစာ ရှားပါးလာနိုင်ပါတယ်။ ကူးစက်ရောဂါနဲ့ အခြားရောဂါဖြစ်ပွားမှုလည်း ပိုများကာ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွေလည်း ထိခိုက်နိုင်ခြေပိုများနိုင်ပါတယ်။

> **"မြန်မာနိုင်ငံအနေနဲ့ကတော့ "အယ်လ်နီညို" ဆိုတဲ့ ရာသီဥတုပုံမှန်မဟုတ်တဲ့ဖြစ်စဉ်က တစ်ခါမျှမကြုံဖူးတဲ့ ထူးခြားဖြစ်စဉ်မဟုတ်တော့ဘဲ အတွေ့အကြုံရှိပြီးသားလို့ ဆိုနိုင်ပါတယ်။ အယ်လ်နီညိုကို အကြိမ်ကြိမ်ကြုံဖူးတာမို့ ပေါ့ပေါ့ဆဆနဲ့ သတိမမူဘဲနေတာမျိုး မဖြစ်စေချင်ပါဘူး။ သက်ဆိုင်ရာကဏ္ဍအလိုက် တတ်နိုင်သမျှ ကြိုတင်ပြင်ဆင်ထားဖို့လိုမှာဖြစ်ပါတယ်။ အဓိကသတိရှိရမှာကတော့ အယ်လ်နီညိုရဲ့သက်ရောက်လာနိုင်မှုက ၂၀၂၄ ခုနှစ် အစောပိုင်းကာလတွေမှာ ပိုမိုလာနိုင်တာကိုပါပဲ။ အထူးသဖြင့် မိုးစပါးနဲ့ နွေစပါးထုတ်လုပ်မှုမှာ ထိခိုက်နိုင်ခြေရှိ"**

● စာမျက်နှာ ၇ သို့

● **စာမျက်နှာ ၆ မှ**

အခြားတစ်ဖက်မှာတော့ ရေကြီးရေလျှံမှုတွေလည်း ဖြစ်ပွားလာနိုင်ပါတယ်။ တွေ့ကြုံရမယ့်အနေအထားအရ ငါးမွေးမြူရေးနဲ့ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွေမှာ အောက်မှာဖော်ပြထားတဲ့ စိန်ခေါ်မှုတွေ ကြုံတွေ့လာနိုင်တာမို့ စီးပွားရေးအရ ထိခိုက်နစ်နာမှုတွေ ဖြစ်ပေါ်လာနိုင်တာကိုလည်း သတိပြုရမှာဖြစ်ပါတယ်-

(က) ရေရှားပါးမှုကြောင့် တိရစ္ဆာန်အစာရေစာ ရှားပါးလာခြင်းနှင့် တိရစ္ဆာန်အစာများ စျေးနှုန်းကြီးမြင့်လာခြင်း၊

(ခ) ပူပြင်းခြောက်သွေ့မှုပြင်းထန်ကာ ရေချိုရရှိမှု ခက်ခဲလာနိုင်ခြင်း၊

(ဂ) အပူချိန်မြင့်တက်မှုကြောင့် အောက်ဆီဂျင်လိုအပ်ချက်များပြားလာခြင်း၊

(ဃ) ရောဂါနှင့် အဆိပ်အတောက်ဖြစ်မှုများ မကြာခဏဖြစ်ပွားခြင်း၊

(င) ဇီဝကမ္မဗေဒဆိုင်ရာ ဆိုးကျိုးထိခိုက်မှုများ ဖြစ်လာနိုင်ခြင်း၊

(စ) မျိုးပွားထုတ်လုပ်မှု ကျဆင်းခြင်းနှင့် အစာမှအသားပြောင်းနှုန်း ညံ့ဖျင်းလာခြင်း၊

(ဆ) ဒေသရင်းမဟုတ်သော ရေနေသတ္တဝါများ ဝင်ရောက်လာမှုကြောင့် ဘေးဖြစ်နိုင်သောရေညိုရေမှော်များ အလွန်အကျွံပေါများလာခြင်း၊

(ဇ) ရေလွှမ်းမိုးမှုများဖြစ်လာပါက တိရစ္ဆာန်များ၏ အသက်ဆုံးရှုံးမှုများကြုံရနိုင်ခြင်း။

၂၀၁၅-၂၀၁၆ ခုနှစ်က ကြုံတွေ့ခဲ့ရတဲ့ အယ်လ်နီညိုကြောင့် ဗီယက်နမ်နိုင်ငံမှာ ဆန်စပါးထုတ်လုပ်မှု ထိခိုက်ခဲ့တဲ့အပြင် မွေးမြူရေး တိရစ္ဆာန်ပေါင်း ၆၀၀၀ ကျော်သေဆုံးပြီး ငါး၊ ပုစွန်မွေးမြူရေးလုပ်ကွက်ပေါင်း ဟက်တာ ၇၀၀၀၀၀ ကျော် ပျက်စီးခဲ့ပါတယ်။ အလားတူပဲ ဖိလစ်ပိုင်နိုင်ငံရဲ့ အလယ်ပိုင်းနဲ့ တောင်ပိုင်းဒေသတွေမှာ မိုးခေါင်ရေရှားဖြစ်စဉ်ကြုံတွေ့ခဲ့ပြီး ငါးထုတ်လုပ်မှုကဏ္ဍမှာ ၂၀ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာတော့ လူဦးရေ ၂ ဒသမ ၅ သန်းခန့်ဟာ မိုးခေါင်ရေရှားမှုကို ကြုံတွေ့ခဲ့ရပြီး စိုက်ပျိုးမြေနဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

ဆန်စပါးထုတ်လုပ်မှုအပေါ် အယ်လ်နီညိုရဲ့ သက်ရောက်နိုင်မှု

ယခုနှစ်အတွင်း ကမ္ဘာ့သမုဒ္ဒရာတွေမှာ စံချိန်တင်အပူချိန်မြင့်တက်လာမှုကြောင့် အပြင်းစားအယ်လ်နီညိုက နှစ်ကုန်ပိုင်းမှာ ဖြစ်ပေါ်လာနိုင်ပါတယ်။ အဲဒီအယ်လ်နီညိုကြောင့် ထိုင်း၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသတွေမှာ ရာသီဥတုပိုမိုပူနွေးလာပြီး အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံ တောင်ပိုင်းဒေသတွေတော့ ပူနွေးပြီး ခြောက်သွေ့တဲ့ရာသီဥတုမျိုး ဖြစ်ပေါ်လာနိုင်ပါတယ်။ အယ်လ်နီညိုဟာ အဓိကဆန်စပါးစိုက်ပျိုးရေးဇုန်တွေပေါ်မှာ သက်ရောက်မှုတွေရှိလာမှာဖြစ်သလို မိုးစပါးရိတ်သိမ်းချိန်နဲ့ နွေစပါးစိုက်ပျိုးမယ့် အချိန်ကာလတွေမှာ ပိုမိုသက်ရောက်လာနိုင်တာဖြစ်ပါတယ်။ အယ်လ်နီညိုကြောင့် အရှေ့တောင်အာရှဒေသရဲ့ မိုးနဲ့ နွေစပါးထုတ်လုပ်မှုတွေ လျော့ကျသွားနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

အယ်လ်နီညိုကြောင့် ပုံမှန်ထက် ရာသီဥတုဟာ စောစီးစွာ ခြောက်သွေ့လာနိုင်တာမို့ အထူးသဖြင့် ကမ္ဘာ့ဆန်စပါးစိုက်ပျိုးမှုနဲ့ စားသုံးမှုရဲ့ ၉၀ ရာခိုင်နှုန်းရှိတဲ့ အာရှတိုက်ရဲ့ဆန်စပါးထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေနိုင်ဖွယ်ရှိနေတာပါ။ လက်ရှိအချိန်မှာတောင် ကမ္ဘာ့ဆန်စပါးထုတ်လုပ်နိုင်မှု အနေအထားကြည့်ရင် အားရဖွယ်မရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာ့ဆန်စပါးအများဆုံးထုတ်လုပ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့မှာ စပါးရိတ်သိမ်းရာမှာ ဆုံးရှုံးမှုများခဲ့ပြီး ထုတ်လုပ်မှုကျဆင်းခဲ့ရပါတယ်။ ဆန်စပါးလေလွင့်မှုဟာ ကြမ်းတမ်းတဲ့ ရာသီဥတုအခြေအနေနဲ့ သိုလှောင်သိမ်းဆည်းတဲ့ အခြေခံအဆောက်အအုံတွေရဲ့ အရည်အသွေးမပြည့်မီမှုတွေကြောင့် ပိုမိုဆိုးရွားစွာ ပျက်စီးဆုံးရှုံးလာနိုင်တာကို သတိပြုမိဖို့လိုပါတယ်။ ပြင်းထန်တဲ့ရာသီဥတုအောက်မှာ အထွက်နှုန်းကျဆင်းမှုနဲ့ လေလွင့်ဆုံးရှုံးမှုတွေကြောင့် ဆန်စပါးထုတ်လုပ်မှုကျဆင်းစေပါတယ်။ ဆန်စပါးထုတ်လုပ်မှုကျဆင်းတာဟာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဆန်စပါးရောင်းလိုအားအပေါ် ကြီးမားတဲ့ သက်ရောက်မှု ဖြစ်ပေါ်လာနိုင်ပါတယ်။

အယ်လ်နီညိုအတွက် ကြိုတင်ပြင်ဆင်ထားရမယ့် အစီအမံများ

အယ်လ်နီညိုကြောင့် သက်ရောက်မှုတွေ ကြုံတွေ့လာနိုင်ပေမယ့် အသစ်အဆန်းတော့ မဟုတ်ပါဘူး။ ရင်ဆိုင်ဖြေရှင်းဖို့ အတိတ်ကာလတွေမှာဖြစ်ခဲ့တဲ့ အယ်လ်နီညိုဖြစ်စဉ်တွေကနေ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေ ရရှိထားပြီးဖြစ်ပါတယ်။ သင်ခန်းစာတွေ ရရှိခဲ့ပြီးဖြစ်တာမို့ ကြိုတင်ကာကွယ်မှုလုပ်ငန်းစဉ်တွေ၊ အယ်လ်နီညိုကြောင့် ထိခိုက်ဆုံးရှုံးမှုအပေါ် လျော့နည်းသက်သာစေရေး လုပ်ငန်းစဉ်တွေနဲ့ သဘာဝဘေး လျှော့ချရေးလုပ်ငန်းစဉ်တွေမှာ အစီအမံတွေချမှတ်ဆောင်ရွက်ထားဖို့လိုပါတယ်။ အယ်လ်နီညိုဆိုတာ ပြင်းထန်တဲ့မုန်တိုင်းကြီးတွေလို သဘာဝဘေးအန္တရာယ်မျိုးမဟုတ်ဘဲ အယ်လ်နီညိုရဲ့ သက်ရောက်မှုကို အလျင်စလိုမလိုဘဲ ဖြေရှင်းရမယ့်ကိစ္စသာဖြစ်ပါတယ်။

ဆန်စပါးစိုက်ပျိုးရေးလို အဓိကကျတဲ့ ကဏ္ဍအတွက်တော့ ကြိုတင်ပြင်ဆင်ထားရမယ့် အစီအမံအနေနဲ့ ကာလတို၊ ကာလလတ်၊ ကာလရှည်စသဖြင့် ပြည်နယ်နဲ့ တိုင်းဒေသကြီးကနေ နိုင်ငံတော်အဆင့်အထိ ထိရောက်တဲ့အစီအမံတွေ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍအတွက် ကာလတို၊ ကာလလတ်အနေနဲ့ ကြိုတင်ဆောင်ရွက်သင့်တဲ့ အစီအမံတွေကို အောက်မှာဖော်ပြထားပါတယ်-

(က) ရေလိုအပ်ချက်နည်းသော သက်တမ်းတိုအထွက်ကောင်းစပါးမျိုးအသုံးပြုခြင်း၊

(ခ) ရာသီဥတုနှင့်သင့်လျော်သော စိုက်ပျိုးရေးနည်းစနစ်များအတွက် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) စိုက်ပျိုးရေအလေအလွင့်မရှိစေရေး သက်ဆိုင်ရာဌာနများမှ သတိပေးနှိုးဆော်ချက်များထုတ်ပြန်ခြင်း၊

(ဃ) အခြားသင့်တော်သော ရေနည်းလိုသီးနှံများနှင့် စျေးကွက်လိုအပ်ချက်ရှိသော သီးနှံများကို အစားထိုးစိုက်ပျိုးထုတ်လုပ်ခြင်း၊

(င) အစိုတစ်လှည့်၊ အခြောက်တစ်လှည့် ရေသွင်းစနစ် ကျင့်သုံးခြင်း၊

(စ) မြေဆီလွှာကောင်းမွန်ရေးအတွက် တစ်ဝက်တစ်ပျက် မီးရှို့ထားသော စပါးခွံထည့်သွင်းခြင်း၊

(ဆ) သီးနှံအာမခံစနစ်များ ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း။

ကာလလတ်နဲ့ကာလရှည်အနေနဲ့ ဆောင်ရွက်သင့်တာကတော့ ဒေသအလိုက်သင့်တော်ပြီး မိုးခေါင်ရေရှားမှုဒဏ်အပေါ် ခံနိုင်ရည်ရှိတဲ့ စပါးမျိုးစေ့အသစ်တွေ ထုတ်လုပ်ပံ့ပိုးတာတွေ၊ စပါးမျိုးစေ့ဆိုင်ရာ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ နိုင်ငံအနှံ့ရေစီမံခန့်ခွဲမှု စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်တာတွေ၊ စားရေရိက္ခာအတွက် နိုင်ငံတော် အရန်ဆန်သိုလှောင်တာတွေလို မဟာဗျူဟာမြောက် အစီအမံတွေကို လိုအပ်သလို စီမံဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။ မိုးရေရရှိမှုလျော့နည်းပြီး ဆည်ရေအဝင်နည်းနိုင်တာကြောင့် စိုက်ပျိုးရေးကဏ္ဍမှာ ရေကို ထိထိရောက်ရောက်သုံးစွဲကြဖို့၊ မလိုအပ်ဘဲ ရေအသုံးပြုရတဲ့လုပ်ဆောင်မှုတွေကို ဆင်ခြင်ဖို့၊ လျှော့ချဖို့၊ တားမြစ်ဖို့ လိုပါတယ်။ ရနိုင်တဲ့နည်းလမ်းနဲ့ စိုက်ပျိုးရေ၊ သောက်သုံးရေကြိုတင်စုဆောင်းထားဖို့လည်း လိုအပ်ပါတယ်။ အထူးသဖြင့် ရေကို အဓိကအသုံးပြုရတဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ ရေရရှိနိုင်မှုလျော့နည်းနိုင်တာကို ကြိုတင်တွက်ဆပြီး လိုအပ်တာတွေ ပြင်ဆင်ထားကြဖို့လည်း လိုပါတယ်။

ဒါ့အပြင် ထိရောက်ထက်မြက်တဲ့ စုပေါင်းသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်တွေ၊ သတင်းအချက်အလက်တွေကို အချိန်မီထုတ်ပြန်ပေးနိုင်တဲ့ နည်းလမ်းတွေ၊ ပြန်ကြားဆက်သွယ်ရေးနည်းလမ်းတွေ၊ စားသုံးသူ အသိပညာပေးခြင်းတွေကိုလည်း စနစ်တကျ သရုပ်ပြလေ့ကျင့် စီစဉ်ဖော်ဆောင်ထားရမှာ ဖြစ်ပါတယ်။

အစီအမံတွေနဲ့ လိုအပ်တဲ့မူဝါဒတွေ ချမှတ်ကျင့်သုံးတဲ့အခါမှာလည်း ပို့ကုန်ဆိုင်ရာဆောင်ရွက်မှုတွေကို ချိန်ဆလုပ်ကိုင်ဖို့လည်း လိုပါတယ်။ ကမ္ဘာ့အစားအသောက်နှင့် စားရေရိက္ခာအဖွဲ့ (FAO) ကတော့ ပို့ကုန်ဆိုင်ရာတင်းကျပ်မှုတွေဟာ လယ်သမားတွေအတွက် ဝင်ငွေနည်းစေတာ၊ ထုတ်လုပ်မှုလျော့ကျစေတာ၊ ရင်းနှီးမြှုပ်နှံမှုကျဆင်းစေတာ၊ စျေးကွက်ဝေစုဆုံးရှုံးတာအပြင် နိုင်ငံခြားငွေလျော့ကျစေနိုင်တဲ့ ဆိုးကျိုးတွေကို ပေါ်ပေါက်စေနိုင်ကြောင်း သတိပေးထားတာ တွေ့ရပါတယ်။

နိဂုံး

အယ်လ်နီညိုဖြစ်စဉ်ဟာ မလွဲမသွေရင်ဆိုင်ရမယ့် အခြေအနေမှာရှိနေတာပါ။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျပ်အတည်းနဲ့ စိန်ခေါ်မှုတွေရှိနေပေမယ့် အခြားတစ်ဖက်မှာလည်း အခွင့်အလမ်းအဖြစ် ပြောင်းလဲလို့ရနိုင်တဲ့ အနေအထားတွေကိုလည်း ကြိုးပမ်းဖော်ဆောင်လို့ ရနိုင်တယ်လို့ သုံးသပ်မိပါတယ်။ အကယ်၍ မြန်မာနိုင်ငံအနေနဲ့ ဆန်စပါး၊ ပဲအမျိုးမျိုးနဲ့ ဆီထွက်သီးနှံလို အရေးကြီး စိုက်ပျိုးရေးထုတ်ကုန်တွေရဲ့ ထုတ်လုပ်မှုကို ကျဆင်းမသွားစေဘဲ ထိန်းထားနိုင်မယ်ဆိုရင် စျေးကောင်းကောင်းနဲ့ ကမ္ဘာ့စျေးကွက်အသစ်တွေမှာ တင်ပို့နိုင်ခွင့်ကလည်း လက်တစ်ကမ်းမှာပဲရှိနေပါတယ်။ အယ်လ်နီညိုကြောင့် ကမ္ဘာနဲ့အဝန်း သိသာထင်ရှားတဲ့ စိန်ခေါ်မှုတွေ ဖြစ်ပေါ်လာနိုင်ချိန်မှာ ဆိုးကျိုးသက်ရောက်မှုတွေကို လျော့နည်းအောင်၊ ခံနိုင်ရည်ရှိအောင်၊ အကျပ်အတည်းကို အခွင့်အလမ်းအနေနဲ့ ပြောင်းလဲသွားအောင် အစိုးရနဲ့ ပုဂ္ဂလိကအပါအဝင် အားလုံးကလက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတွေ ခိုင်မာအားကောင်းသွားမယ်ဆိုရင် အယ်လ်နီညိုဖြစ်စဉ်အပေါ် ကြံ့ကြံ့ခံရင်ဆိုင်နိုင်မှာဖြစ်သလို အခွင့်အလမ်းတွေကိုလည်း တတ်နိုင်သမျှ အမိအရဆုပ်ကိုင်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါကြောင်း ရေးသားဖော်ပြအပ်ပါတယ်။ ။

ကိုးကားသည့်ရင်းမြစ်များ

- ISEAS, Rice Production and Food Security in Southeast Asia under Threat from El Nino, 12 July 2023
- www.theguardian.com
- https://en.antaranews.com/news/288687/rice-stock-secure-in-facing-el-ni%C%3B1o-peak-agriculture-minister
- https://www.reuters.com/markets/commodities/india-prohibits-export-non-basmati-white-rice-notice -2023-07-20/

ဇလွန်မြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား လိုအပ်သောသွင်းအားစုပေးအပ်ပွဲ ကျင်းပ

ဇလွန် ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မေရီလန်းကျေးရွာအုပ်စု တောင်သူအသိပညာပေးစခန်း၌ ၂၀၂၃-၂၀၂၄ မိုးရာသီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုးစပါးတစ်ဧကလျှင် ၁၀ တင်းနှုန်း ပိုမိုထွက်ရှိရေးအတွက် တောင်သူများအား သွင်းအားစု (ယူရီးယားမြေဩ၊ ကွန်ပေါင်းမြေဩနှင့် သဘာဝမြေဩ) ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသော်ဇင်မောင်က သွင်းအားစုများ စနစ်တကျ အချိန်ကိုက် အချိုးကျထည့်သွင်းနိုင်ရေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တောင်သူများအား ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများက သွင်းအားစုများ ပေးအပ်ခဲ့ကြပြီး တောင်သူကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ

ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ တောင်သူများတက်ရောက်ခဲ့ကြသည်။ **ဝေယံ(ပြန်/ဆက်)**

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇူလိုင် ၂၉

မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့ပေါ်ရှိ တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ဘားအံ ဇူလိုင် ၂၉

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဘားအံမြို့ပေါ်ရှိ တည်ဆောက်ရေးလုပ်ငန်းခွင်များအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ လှာကမြင်ကွက်သစ် ဇွဲကပင်အားကစားကွင်းရှေ့၌ (ပေ၁၂၀ x ပေ၄၀) RC အဆောက်အအုံအမျိုးအစား လေးခန်းတွဲ ငါးထပ် အားကစားသမားတည်းခိုဆောင် ဆောက်လုပ်နေမှု (ပေ၄၀၀xပေ ၄၀၀) အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးမှု၊ အမှတ်(၂)လှာကမြင်စုပေါင်းဝန်ထမ်းအိမ်ရာ စခန်းတွင် လေးခန်းတွဲ ငါးထပ် RC ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံ-လှိုင်းဘွဲ့ ကားလမ်းမကြီးပေါ်ရှိ တံတားအမှတ်(၁/၄) မဲဘောင်သံကူကွန်ကရစ်တံတားအရှည် ပေ ၆၀ အား တံတားအထူးအဖွဲ့ ၁၄ မှ မူလတံတားအကျယ်၏ တစ်ဖက်လျှင် ၁၂ ဒသမ ၇၃ ပေစီ တိုးချဲ့တည်ဆောက်ခြင်း၊ ကမ်းကပ်ခုံနှင့် ချဉ်းကပ်လမ်းတည်ဆောက်ခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ညိုက တံတားလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ဘားအံတက္ကသိုလ်ဘွဲ့နှင်း သဘင်ခန်းမအနီး ပြည်နယ်ဖူဆယ်အားကစားခန်းမဘေးဌာ Gym ခန်းမနှင့် တင်းနစ်အားကစားခန်းမ (ပေ ၆၀ x ပေ ၈၀) RC နှစ်ထပ် တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် (ပေ ၁၅၀ x ၄၈ ပေ) RC ခြောက်ထပ် ကရင်ပြည်နယ်ဧည့်ရိပ်သာ တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၉

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ဆုများချီးမြှင့်

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ဇူလိုင် ၂၈ ရက်ညနေပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ မြို့မအားကစားဘောလုံးကွင်းကြီး၌ ပြုလုပ်သော အစိုးရနည်းပညာကောလိပ် (ကျောက်ဖြူ) မိုးရာသီ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲသို့ တက်ရောက်အားပေးပြီး ဆုများ ချီးမြှင့်ပေးကြသည်။ ထို့ပြင် ယနေ့နံနက်ပိုင်းတွင် စေတီရပ်ကွက်ရှိ စေတီယျတောင်၊ ဂျပန်-မြန်မာချစ်ကြည်ရေးစေတီမှ သာသနာ ၂၅၀၀ စေတီအထိတောင်စောင်းတစ်လျှောက်ရှိ ချုံနွယ်၊ ပေါင်းပင်၊ မြက်ပင်များအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုအားပေးပြီး

စေတီယျတောင် ဆရာတော်အား ဖူးမြော်ကြည်ညိုခြင်း သံဃာတော်များအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ကျောက်ဖြူပညာရေး ဒီဂရီကောလိပ်သို့ သွားရောက်ပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် (ဒုတိယအကြိမ်)မိုးရာသီသစ်ပင်စိုက်ပွဲသို့ တက်ရောက်ကာ ပျိုးပင်များအား စိုက်ပျိုးကြသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ မြို့သစ်တောင်ရပ်ကွက်ရှိ မြို့မအားကစားကွင်း၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက သန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂) ရပ်ကွက်ကြားရှိ ပိတ်ဆို့နေသော ရေမြောင်းအား စုပေါင်းရှင်းလင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ဘူးသီးတောင်တပ်နယ် စုပေါင်း၀ါဆိုသက်နန်းဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး သံဃာတော်များအား ၀ါဆိုသက်နန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ် အောင်မျိုးထွန်းသည် ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်သည့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ပျိုးပင်များအား စိုက်ပျိုးကြသည်။ ထို့ပြင် ကျန်းမာရေး ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များ၊ ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းကို ကြည့်ရှုအားပေးကြသည်။

အလားတူ စစ်တွေမြို့နယ်၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာများ၌ နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်ထားသည့် GW-11 စပါးများ စနစ်တကျပျိုးထောင်စိုက်ပျိုးထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)၏ ၂၀၂၃ ခုနှစ် မိုးရာသီဘောလုံးအားကစားပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

ဟသ်ာတ ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ပြည်သူ့အားကစားပြိုင်ကွင်း၌ ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)၏ ၂၀၂၃ ခုနှစ် မိုးရာသီဘောလုံးအားကစားပြိုင်ပွဲ ပိတ်ပွဲ အခမ်းအနားနှင့် ဆုပေးပွဲကို ယမန်နေ့

ညနေ ၅ နာရီက ပြုလုပ်ခဲ့သည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဆရာကြီး ဒေါက်တာထွန်းမြတ်အောင်က ကျေးဇူးတင်အမှာစကားပြောကြားကာ ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ)၏ ၂၀၂၃ ခုနှစ် မိုးရာသီဘောလုံးအားကစားပြိုင်ပွဲတွင် ဒိုင်အဖြစ် ဆောင်ရွက်ပေးခဲ့ကြသူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်း လေးသင်းမှ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသော အသင်းများအား ဒုတိယပါမောက္ခချုပ်ဒေါက်တာထွန်းမြတ်အောင်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပြီး ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့် ဂိုးသမားတစ်ဦးချင်း အကောင်းဆုံးဆုရရှိသူများအား သက်ဆိုင်ရာပါမောက္ခဌာနမှူးများက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြ၍ တံခွန်စိုက်ဆုဖလားရရှိခဲ့သော အဝါရောင်အသင်းအား ဒေါက်တာထွန်းမြတ်အောင်က ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျေးရွာမတည် ရန်ပုံငွေ ထုတ်ချေးခြင်းလုပ်ငန်း ဆောင်ရွက်

ကျိုက်ထို ဇူလိုင် ၂၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုက်ထိုမြို့နယ်အတွင်း ကျေးရွာမတည် ရန်ပုံငွေ (VRFP) စီမံကိန်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ငါးရွာတွင် ကျေးလက်နေပြည်သူများ စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်ရည်ရွယ်၍ စတုတ္ထအကြိမ် ချေးငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၈ ရက်တွင် နေ့ချင်းပြီး ထုတ်ချေးခဲ့သည်။ ကျေးရွာ ငါးရွာရှိ အသင်းသားအသင်းသူ ဦးရေ ၆၄၂ ဦးအတွက် ငွေကျပ် ၁၄ ဒသမ ၆၃၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

JJJ

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၉

ဒေသတွင်းစားရေရိုက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက ရသေ့တောင်တပ်နယ်နှင့် ကျောက်တော်တပ်နယ်တို့ရှိ တပ်ရင်း/တပ်ဖွဲ့များ၌ ဆောင်ရွက်ထားရှိသော ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွား၊ DYL ဝက်၊ ဥစားဘဲ၊ ဒေသနွားနှင့် ဆိတ်မွေးမြူရေးခြံများ၊ ရာသီသီးနှံစိုက်ခင်းများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာမြို့၊ ပုသိမ်မြို့၊ ရွှေသောင်ယံမြို့၊ သံတွဲမြို့နှင့် ငပလီမြို့တို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော်လေ့လာ

နေပြည်တော် ဇူလိုင် ၂၉

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေနှင့် ရခိုင်ပြည်နယ် ငပလီကမ်းခြေများသို့ တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ဇူလိုင် ၂၄ ရက်တွင် ပို့ဆောင်ပေးခဲ့သည်။

ဖူးမြော်ကြည်ညိုဖွယ်

ထိုသို့ အနားယူအပန်းဖြေခရီးစဉ် သွားရောက်ခဲ့သည့်အဖွဲ့များမှ ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ သွားရောက်ခဲ့သည့်အဖွဲ့သည် ကမ်းခြေလမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်တွင် ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများ ဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပုသိမ်မြို့ရှိ ဆုတောင်းပြည့်ဓမ္မုပတိရုပ်ပွားတော်၊ တဂေါင်းမင်္ဂလာမဟာစေတီတော်မြတ်ကြီး၊ ချောင်းသာမြို့ စကားဝါတောင်ပေါ်ရှိ ဒီပါအေးမြမဟာနဂါးရုံဘုရားနှင့် အန္တဓိနလောကမာရ်အောင် စေတီတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုခြင်း၊ ချောင်းသာမြို့ စကားဝါတောင်မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတိုက်ရှိ၊ ဓမ္မဗိမာန်တော်ကြီး၌ သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသက်နံ့ဆက်ကပ်လှူဒါန်းခြင်း၊ ချောင်းသာမြို့၊ ရွှေသာယာမြို့မဈေး၊ ရွှေသောင်ယံမြို့၊ Sea & Lake ရှိ ကျောက်စိမ်းပြတိုက်၊ သစ်ပန်းပုပြတိုက်၊ ဒီရေတောတံတား၊ ပုသိမ်မြို့ရှိ ရွှေမြင်းပျံ ပုသိမ်ဟာလဝါလုပ်ငန်း စသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အလှူငွေများ ဆက်ကပ်လှူဒါန်း

အလားတူ ရခိုင်ပြည်နယ် ငပလီကမ်းခြေသို့ သွားရောက်ခဲ့သည့်အဖွဲ့သည် ကမ်းခြေ၌ လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်တွင် ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများ ဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး သံတွဲမြို့ရှိ ရွှေဆံတော်ဘုရား၊ မဒေးတောင်ဘုရား၊ ရွှေအံတော်ဘုရား၊ ရွှေနံတော်ဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ငပလီမြို့မဈေး၊ ပုလဲကျွန်း၊ မြပတ္တမြားဥယျာဉ်စသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြသည်။

ထိုကဲ့သို့ ဇူလိုင် ၂၄ ရက်မှ ယနေ့အထိ ခြောက်ရက်ကြာ အနားယူအပန်းဖြေခရီးစဉ်သွားရောက်ခဲ့သည့်အဖွဲ့များသည် ယနေ့တွင် စုရပ်နေရာများဖြစ်သည့် နေပြည်တော် ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ ပြန်လည်ရောက်ရှိကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

စိတ်ဓာတ်ခွန်အားများ ပိုမိုရရှိ

အဆိုပါ အနားယူအပန်းဖြေခရီးစဉ် သွားရောက်ခဲ့သည့် အရာရှိ၊ စစ်သည်များအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများ၊ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသအသီးသီးရှိ တန်ခိုးကြီးဘုရားစေတီများ၊ အထင်ကရနေရာများ၏ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ အရာရှိ၊ စစ်သည်များ အနေဖြင့် စိတ်လက်ပေါ့ပါးစွာဖြင့် ဒေသန္တရဗဟုသုတများကို လေ့လာခဲ့ကြပြီး ၎င်းတို့အတွက် လွန်စွာအကျိုးရှိခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ အပန်းဖြေခရီးစဉ် သွားရောက်နိုင်ရေး စီစဉ်ပေးခဲ့သည့် တပ်မတော်အကြီးအကဲများကိုလည်း ကျေးဇူးအထူးတင်ရှိကာ စိတ်ဓာတ်ခွန်အားများ ပိုမိုရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြိတ်မြို့တွင် ပန်းခင်း(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

မြိတ် ဇူလိုင် ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်း(၂)စီမံချက်ဖြင့် ကန်ဖျားရပ်ကွက် ဘုရားငါးဆူကျောင်း ဓမ္မာရုံတွင် ဇူလိုင် ၂၈ ရက်က ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ပြည်သူများအား ပန်းခင်း(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြိတ်မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးနေမှုအား တိုင်းဒေသကြီး ဦးစီးမှူး ဦးသန့်ဇင်၊ မြိတ်ခရိုင်ဦးစီးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး နေ့ချင်းပြီး ဆောင်ရွက်ပြီးစီးသည့် ပြည်သူများအား တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေ စာရင်းများကို ပေးအပ်ခဲ့ကြသည်။

ပန်းခင်း(၂)စီမံချက်ဖြင့် မြိတ်မြို့နယ်၌ ယနေ့အထိ ဆောင်ရွက်ပြီးစီးမှုအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားခြင်းမရှိသူ ၇၂၂၂ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လုပ်ငန်းလျာထားချက် ရာခိုင်နှုန်းအနေဖြင့် ၁၂၁ ဒသမ ၅၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

ငွေဆောင်ကမ်းခြေတွင် ခရီးသွားဇည့်သည်များ အသက်အန္တရာယ်ကင်းရှင်းစေရေး သတိပေးဆိုင်းဘုတ်များစိုက်ထူ

ငွေဆောင် ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့တွင် ယနေ့နံနက် ၇ နာရီက မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၏ ဦးဆောင်မှုဖြင့် မြို့အဆင့်ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားဥယျာဉ်ကြားမှုဦးစီးဌာန၊ လက်ထောက်ဥယျာဉ်ကြားရေးမှူး ဦးစိုးဝင်းနှင့် ငွေဆောင်ဟိုတယ်ဇုန် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်များ၊ အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်သူ့စစ်များ၊Trash Hero အဖွဲ့များ၊ ဒေသခံပြည်သူများ၊ ကမ်းခြေဈေးသည်များ စုစုပေါင်းအင်အား ၁၅၀ ခန့်ဖြင့် ငွေဆောင်မြို့ အမှတ်(၃)ရပ်ကွက်ရှိ ချစ်သူများကျွန်းရှေ့ကမ်းခြေတစ်လျှောက်တွင် ပြည်တွင်းပြည်ပ ခရီးသွားဇည့်သည်များ မိုးရာသီအတွင်း ပင်လယ်ပြင်တွင် ရေဝဲများဖြစ်ပေါ်နေ၍ အန္တရာယ်ရှိပါသဖြင့် ရေဆင်းမကူးကြရန် သတိပေးသည့် ဆိုင်းဘုတ်များစိုက်ထူခြင်း၊ ကမ်းခြေသန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းအမှိုက်ကောက်ခြင်းနှင့် စည်းကမ်းမဲ့အမှိုက်မပစ်ကြရန် သတိပေးသည့် ဆိုင်းဘုတ်များ စိုက်ထူခြင်းတို့အား ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေဒေသသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဟိုတယ်နှင့် ခရီးသွားဥယျာဉ်ကြားမှုဦးစီးဌာနမှ လုပ်ငန်းလိုင်စင်ရယူ၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော ဟိုတယ်၊ တည်းခိုရိပ်သာ ၃၇ လုံးရှိပြီး ၂၀၂၁ ခုနှစ်တွင် ပြည်တွင်း ပြည်ပ ခရီးသွားဇည့်သည် ဝင်ရောက်တည်းခိုမှုမှာ စာသား၃၄ ဦး၊ ၂၀၂၂ ခုနှစ်တွင် ၂၈၆၁၂ ဦး၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ၂၄၆၀၉၇ ဦးအထိ ဝင်ရောက်လည်ပတ်ခဲ့ရာ ယခင်နှစ်အလားတူကာလတွင် ၁၅၀၅၂၄ ဦး တည်းခိုခဲ့ကာ ၉၅၈၄၃ ဦး ပိုမိုခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၆၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

ငွေဆောင်(ပြန်/ဆက်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေတိုက်ကိုစိုး

အထက်ရဲရှာမှ ဖော်ဆောင်ပေးမည့် အလင်းစွမ်းအား

လင်းသစ်

အထက်ရဲရှာ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်။

အရှိန်ဖြင့် စီးဆင်းနေသောမြစ်၏ ဘေးဘက်တွင် တောင်နံရံများကို ရေထိန်းနံရံအဖြစ် ပြုပြင်ပြောင်းလဲခြင်း၊ ရေယူကွန်ကရစ် အဆောက်အအုံ တည်ဆောက်ခြင်းအပါအဝင် လုပ်ငန်းရပ်များစွာကိုဆောင်ရွက်ရင်း စီမံကိန်းလုပ်ငန်းခွင်သည် သက်ဝင်လှုပ်ရှားနေသည်။ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးကာ စီမံကိန်းလျှာထားလုပ်ငန်းများကို ပြီးစီးအောင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် အထက်ရဲရှာရေအားလျှပ်စစ်စီမံကိန်းကို အားစိုက်ဆောင်ရွက်လျက်ရှိသည်။

လိုအပ်သည့်လျှပ်စစ်ဓာတ်အားကို များစွာအထောက်အကူပြု

အထက်ရဲရှာ ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသွားပါက မဂ္ဂါဝပ် ၂၈၀ ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီ ၁၄၀၉ သန်းကို ဓာတ်အားကွန်ရက်စနစ်မှ တစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်မည်ဖြစ်သည်။ ထိုသို့ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်မည့် လျှပ်စစ်ဓာတ်အားသည် နိုင်ငံအတွင်းရှိ လူဦးရေ ၃ ဒသမ ၇ သန်းနှင့် နိုင်ငံ့လူဦးရေ စုစုပေါင်း၏ ၆ ဒသမ ၆ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်မည်ဖြစ်သောကြောင့် နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

"အခု လက်ရှိခံစားရတဲ့ အကျိုးကတော့ ဒေသခံတွေအတွက် အလုပ်ရတယ်။ စီမံကိန်းက နှစ်နဲ့ချီဆောင်ရွက်တော့ အလုပ်အကိုင်အခွင့်အလမ်းပေါ်တယ်။ ပြီးတော့ ကျွန်တော်တို့ရွာဆိုရင် မီးရရှိနေပါပြီ။ ဒီစီမံကိန်းက တစ်နိုင်ငံလုံးသုံးဖို့ရည်ရွယ်ပြီး ဆောင်ရွက်တာဖြစ်တဲ့အတွက် ကိုယ့်ဒေသကနေ ကိုယ့်လူမျိုးတွေအတွက် တစ်ဖက်တစ်လမ်းကနေ ကူညီခွင့်ရတယ်ဆိုတဲ့စိတ်နဲ့ အလုပ်လုပ်ဖြစ်ပါတယ်"ဟု စီမံကိန်းတွင် အလုပ်လုပ်ကိုင်နေသည့် တောင်ခြေရွာမှ ဦးစိုင်းလောင်(၀)ခမ်းက ပြောသည်။

လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အထက်ရဲရှာ ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့တောင်ဘက် မိုင် ၂၀ ခန့်အကွာ တောင်ခြေကျေးရွာအနီးရှိ မြစ်ငယ်မြစ်ပေါ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနက ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်သည်။

စူးစမ်းလေ့လာမှု ဆောင်ရွက်ခဲ့

မြစ်ငယ်မြစ်ပေါ်၌ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၁၉၅၄ ခုနှစ်တွင် ဗြိတိသျှကုမ္ပဏီ Sir Alexandra Gibb & Partners က ဦးစွာစူးစမ်းလေ့လာမှုကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ၁၉၇၃ ခုနှစ်တွင် စူးစမ်းလေ့လာမှု ဆောင်ရွက်ခဲ့သည်။ ထို့အတူ Burma Umbrella Project အစီအစဉ်အရ ဂျပန်နိုင်ငံ NEWJEC ကုမ္ပဏီက ၁၉၇၈ ခုနှစ်တွင် လေ့လာမှုဆောင်ရွက်ခဲ့သည်။ ထိုမှတစ်ဖန် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Co.,Ltd တို့ ပူးပေါင်းကာ လေ့လာမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံနှင့် ဒေသ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် အကျိုးဖြစ်ထွန်းနိုင်သည်ကို လေ့လာတွေ့ရှိကြသည်။

"စီမံကိန်းလုပ်ငန်းရဲ့ အောက်မှာ လုပ်ငန်းရပ်တွေက အများကြီးရှိပါတယ်။ နိုင်ငံကိုအကျိုးပြုမယ့် စီမံကိန်းတစ်ခုဖြစ်တာမို့ စီမံကိန်းသတ်မှတ်ချက်အတိုင်း အချိန်မီပြီးစီးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းအစမှာ အကြိုလုပ်ငန်းတွေအနေနဲ့ စီမံကိန်းချဉ်းကပ်လမ်းဖောက်တာ၊ ဒီလမ်းကို အဆင့်မြှင့်တာ၊ စီမံကိန်းစခန်း တည်ဆောက်တာ၊ ရေ၊ မီးရရှိရေး၊ စူးစမ်းလေ့လာတိုင်းတာရေး စတဲ့လုပ်ငန်းတွေကို အဆင့်ဆင့် ဆောင်ရွက်ရတာဖြစ်ပါတယ်။ ပြီးတော့ ရေလွှဲဥမင်လိုဏ်၊ ယာယီရေတားတမံ၊ ပင်မတမံတည်ဆောက်တာ၊ ရေယူအဆောက်အအုံနဲ့ ရေသွယ်ဥမင်လိုဏ် တည်ဆောက်တာ၊ ဖိအားမြင့် သံမဏိပိုက်လိုင်းဆောင်ရွက်တာနဲ့ ဓာတ်အားပေးစက်ရုံတည်ဆောက်တာ စတဲ့လုပ်ငန်းတွေကိုလည်း တစ်ပါတည်း အကောင်အထည်ဖော်ရပါတယ်"ဟု ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ် (၃) တည်ဆောက်ရေးမှ ဦးစီးအရာရှိ ဦးဖုန်းကြွယ်က ပြောသည်။

စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၅၃ ဒသမ ၂၁ ရာခိုင်နှုန်းပြီးစီး

အထက်ရဲရှာ ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၅၃ ဒသမ ၂၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ရေယူအဆောက်အအုံ ကွန်ကရစ် သွန်းလောင်းခြင်းလုပ်ငန်း၊ ပင်မတမံ မြေကြီးကျောက်သား တူးဖော်ခြင်းနှင့် ခိုင်ခံ့မှုလုပ်ငန်း၊ စိန်လွန်တွင်း တူးဖော်ခြင်းနှင့် ဘိလပ်မြေဖိသွင်းခြင်းလုပ်ငန်း၊ RCC/CVC ခွဲကျောက်များ ကြိတ်ခွဲထုတ်လုပ် စုဆောင်းခြင်းလုပ်ငန်းများကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနက ဆောင်ရွက်ခဲ့သည်။

ယခုဘဏ္ဍာနှစ်တွင် ရေယူအဆောက်အအုံလုပ်ငန်း၊ ပင်မတမံ စိန်လွန်တွင်းတူးဖော်ခြင်းနှင့် ဘိလပ်မြေဖိသွင်းခြင်းလုပ်ငန်း၊ precast ကွန်ကရစ်သွန်းလောင်းခြင်း လုပ်ငန်းများကို လျှာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ သိရသည်။

မြန်မာ့ လျှပ်စစ်ဓာတ်အားစနစ်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံနှင့် ပြည်ပမှတင်သွင်းသော LNG ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတို့မှ ဖြစ်သည်။ အထက်ရဲရှာစီမံကိန်းမှ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ် ရေအားအရင်းအမြစ်ကိုအသုံးချခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့်နည်းလမ်းများကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အထောက်အကူပြုနိုင်စေရန် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနသည် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို သတ်မှတ်ကာလတွင် စနစ်တကျ အချိန်မီပြီးစီးနိုင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် အထက်ရဲရှာ ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၅ ခုနှစ်တွင် ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

"စီမံကိန်းအကောင်အထည်ဖော်ရာမှာ ရေဝပ်ဧရိယာအတွင်း ကျေရောက်တဲ့ ကျေးရွာတွေအတွက်လည်း ထိခိုက်မှုအနည်းဆုံးဖြစ်စေဖို့နဲ့ လူမှုစီးပွားအခြေအနေနဲ့ပတ်သက်ပြီးတော့ မူလထက်သာလွန်ကောင်းမွန်တဲ့ အခြေအနေရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားပါမယ်" ဟု အထက်ရဲရှာရေအားလျှပ်စစ်စီမံကိန်းမှ ဦးစီးအရာရှိဦးသိန်းဇော်ကပြောသည်။

မြစ်ငယ်မြစ်ပေါ်တွင် ဆောင်ရွက်ပြီး ရဲရှာရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။ ထို့အတူ အထက်ရဲရှာစီမံကိန်း မဂ္ဂါဝပ် ၂၈၀၊ နမ္မတူ (သီပေါ) စီမံကိန်း မဂ္ဂါဝပ် ၂၁၀၊ အလယ်ရဲရှာစီမံကိန်း ၇၃၅ မဂ္ဂါဝပ်နှင့် ဒီးဒုတ်စီမံကိန်း မဂ္ဂါဝပ် ၆၀ ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရလျှင် ပြည်သူများ၏ နေ့စဉ်လူမှုစီးပွား ဆောင်ရွက်မှုများကို လျှပ်စစ်စက္ကဏ္ဍသည် တစ်ထောင့်တစ်နေရာမှ ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ နေ့စဉ်နှင့်အမျှ လိုအပ်သော လျှပ်စစ်ဓာတ်အားကို အထောက်အကူပြု ဖြည့်တင်းပေးပြီး ပြည်သူ ၃ ဒသမ ၇ သန်းကို အကျိုးပြုနိုင်မည့် အလင်းစွမ်းအား ဖြန့်ဖြူးပေးသွားရန်အတွက် အထက်ရဲရှာ ရေအားလျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

> **"မြန်မာ့လျှပ်စစ်ဓာတ်အားစနစ်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံနှင့် ပြည်ပမှတင်သွင်းသော LNG ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတို့မှ ဖြစ်သည်။ အထက်ရဲရှာစီမံကိန်းမှ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ် ရေအားအရင်းအမြစ်ကိုအသုံးချခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့်နည်းလမ်းများကို အသုံးပြုဆောင်ရွက်သွားမည်"**

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
ဒေါ်လှဲ့လှဲ့အေး ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀۹۷-၃၄၀၄၀၅ ၀۹-၂၀၂၁۷۹۵	ဦးသန်းစိုး ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀۹-၂၅၁၁၂၃၈၅	ဦးအေးမင်းသူ ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ၀۹-۷၂၀۷၀၈၈၂۷
ဦးဝင်းရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀۹۷-၃۷၀۷၀۷၈ ၀۹-၂၅۷၁۷၀၁၁	ဒေါ်သန်းသန်းဝင်း ဒုတိယညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀۹-۷၂၀۷۷၀၁၆၀	
ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀۹۷-၃۷၀۷၃၁၆ ၀۹-۷۲၀၅۷۷۷۷		



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

သာစည်မြို့နယ် သမဝါယမအသင်းစုဝ်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

သာစည် ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သမဝါယမအသင်းစုဝ်၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အစားထိုး ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အသင်းစုရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်မိုးတင့်က လမ်းညွှန်အမှာစကား ပြောကြားပြီး သာစည်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညီညီဝင်းက လုပ်ငန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးရှင်းတမ်းများ၊ အမြတ်ခွဲဝေစာရင်းများ၊ အမှုဆောင် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များနှင့် အသင်းစာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားပြီး တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များထံမှ အတည်ပြုချက်များ ရယူခဲ့သည်။

ယင်းနောက် လစ်လပ်သွားသောအမှုဆောင်နေရာကို အစားထိုးရွေးချယ်ခံရသူအား သဘာပတိက အတည်ပြုကြေညာပြီး အမှုဆောင်များအနေဖြင့် တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းနှင့် ဥက္ကဋ္ဌအသစ်က မိတ်ဆက်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပုသိမ်မြို့၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဆင်းပွဲ ကျင်းပ

ပုသိမ် ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးနိုင်က မိမိတို့နိုင်ငံတွင် လိုအပ်နေသည့် ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊ လူငယ်လူရွယ်များအတွက် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန်နှင့် ကျွမ်းကျင်မှုအတတ်ပညာကို စနစ်တကျ လေ့လာသင်ယူခွင့်မရဘဲ လုပ်ငန်းခွင်အသီးသီး၌ ဝင်ရောက်လုပ်ကိုင်နေကြသည့် ဝင်ငွေနည်းပါးသော လူငယ်အလုပ်သမားများအတွက် အသက်မွေးဝမ်းကျောင်းအတတ်ပညာ သင်ယူမှုအခွင့်အလမ်းများ တိုးတက်ရရှိစေပြီး ဝင်ငွေတိုးတက်ရရှိစေရန်ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆုရရှိသောသင်တန်းသားများအား ဆုများချီးမြှင့်ကာ သင်တန်းသို့ ပုသိမ်မြို့နယ်နှင့် ပတ်ဝန်းကျင်ဒေသများမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြိတ်မြို့နယ်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်း

မြိတ် ဇူလိုင် ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး Project Cycle Management သင်တန်းဆင်းပွဲကို ယမန်နေ့က မြိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် မြိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းဦးက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် သင်တန်းသုံးရက်တာကာလအတွင်းသင်ယူပြီးစီးခဲ့သော သင်တန်းမှ အတွေ့အကြုံများကို အခြေခံ၍ ဝန်ထမ်းများ လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ရေးအတွက် များစွာအထောက်အကူ ဖြစ်ပါကြောင်း၊ သင်တန်းဆရာများ၏ သင်ကြားပေးမှု အပေါ် လက်တွေ့ပြန်လည်အသုံးချရာတွင် ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း၊ သင်တန်းဆရာများအား အမှတ်တရ လက်ဆောင်များပေးအပ်ပြီး သင်တန်းသား သင်တန်းသူများနှင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်သူများအဆင်ပြေစေရန် သက်သာသောစျေးနှုန်းဖြင့် စားသုံးဆီများ ရောင်းချပေး

ရန်ကုန် ဇူလိုင် ၂၉

ပြည်သူများအဆင်ပြေစွာ စားသုံးဆီများ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများမှ စျေးကားများဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များသို့ စားသုံးဆီများ နေ့စဉ်လှည့်လည် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းနှင့် စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများသည် စျေးကားများဖြင့် ဗဟန်းမြို့နယ်ရှိ ရေတာရှည်လမ်းဟောင်း၊ အလုံမြို့နယ်ရှိ ၄ဝါလမ်း၊ စမ်းချောင်းမြို့နယ်ရှိ အောင်ချမ်းသာလမ်းနှင့် ကမာရွတ်မြို့နယ်ရှိ ဆရာစံလမ်းတို့သို့ သွားရောက်ပြီး မြို့နယ်အတွင်းရှိ ပြည်သူများအတွက် သက်သာသောစျေးနှုန်းဖြင့် စားသုံးဆီများကို ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချပေးရာတွင် ပြည်သူများ အဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇော်လတ်

မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း၏ ၂၀၂၂-၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပ

တောင်ကြီး ဇူလိုင် ၂၉

မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း၏ ၂၀၂၂-၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(SSSCCI) ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပြောင်းသီးနှံများ ထွက်ရှိပြီး ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပသို့ ပို့ဆောင်နိုင်သည့်အတွက် နိုင်ငံ၏ ဝင်ငွေတိုးပွားစေခြင်းဖြင့် ပြောင်းစိုက်တောင်သူများနှင့် ကုန်သည်အားလုံးကို အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုကြောင်း၊ ပြောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင် အရေအတွက်ထက် အရည်အသွေးကောင်းသည့် သီးနှံများ ရရှိရေးအတွက် လိုအပ်သည့် သွင်းအားစုများ၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်သလို စိုက်ပျိုးရေးနည်းစနစ်သည်လည်း စနစ်ကျရန် အရေးကြီးသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းမှ တာဝန်ရှိသူများအနေဖြင့် ပြောင်းအသင်းဝင်များမှ အခြေခံပြီး ပြောင်းစိုက်တောင်သူတစ်ရပ်လုံး မျိုးကောင်းမျိုးသန့်ရရှိရေး၊ အရည်အသွေးမှန်ကန်သည့် သွင်းအားစုဖြန့်ဖြူးသည့် လုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ပြီး ပူးပေါင်းလုပ်ဆောင်ကြစေလိုကြောင်း ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးအေးချမ်းအောင်၊ ဂုဏ်ထူးဆောင် နာယက ဦးမင်းခိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဒေါက်တာကြည်လွင်၊ မြန်မာနိုင်ငံ ပဲ-နှမ်းအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် ဘုရင့်နောင်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဦးတို့က အမှာစကားနှင့် ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ပြသထား

မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း၏ ၂၀၂၂ -၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် ခန်းမအပြင်ဘက်၌ ပြောင်းလုပ်ငန်းနှင့် ပတ်သက်သည့် ပြောင်းဇွေစက်၊ ပြောင်းရိုက်စက်၊ ပြောင်းသယ်ဆောင်နိုင်ရန် တွဲကားယာဉ်များ ပြသထားကြောင်း သိရသည်။

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ မင်းကျောင်း ဘုန်းတော်ကြီးကျောင်း၌ ကယားပြည်နယ် မယ်စဲ့မှ ယာယီတိုက်ပွဲရှောင်ပြည်သူများ နေ့လယ်စာ စားသုံးနေမှုကို ကြည့်ရှု၍ အားပေး စကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကျိုင်းတောင်း မြို့အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

ကျိုင်းတောင်း ဇူလိုင် ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲ့မြို့နယ် ကျိုင်းတောင်းမြို့၌ မြို့အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း) ချစ်ကြည်ရေး မိုးရာသီ ဘောလုံးအားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီခွဲခန့်တွင် အမှတ်(၅)ရပ်ကွက် မြို့အားကစားကွင်း၌ ပြုလုပ်ခဲ့သည်။

ယှဉ်ပြိုင်ကစား

ဦးစွာ နောက်ဆုံးဗိုလ်လုပွဲ အဖြစ် ရွှေကြက်ဖအသင်းနှင့် ရှမ်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရွှေကြက်ဖအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆုပေးပွဲအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲအတွက် ငွေကျပ်တစ်သိန်းနှင့် အထက် လျှပ်ဒါန်းခဲ့သော အလှုရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ ပြိုင်ပွဲတွင်ကူညီဆောင်ရွက်ပေးခဲ့သော ကြက်ခြေနီအဖွဲ့နှင့် ဒိုင်အဖွဲ့အား အမှတ်တရ လက်ဆောင် ပေးအပ်ခြင်း၊ အကောင်းဆုံး အားကစားသမားများအား ဌာနဆိုင်ရာတာဝန်ခံများက ဆုချီးမြှင့်ခြင်း၊ ဘောလုံးပြိုင်ပွဲတွင် အသန့်ရှင်းဆုံးအသင်းဆုအား ဂုဏ်ပြုဆုငွေပေးအပ်ခြင်း၊ တတိယဆုရရှိသည့် ဌာနဆိုင်ရာအသင်းအား တတက(၃)မှ ဒုတိယ ဗိုလ်မှူးကြီး ခွန်မိုးအောင်က ဆွဲပြားနှင့် ငွေသားဆုချီးမြှင့်ခြင်း၊ ဒုတိယရရှိသည့် ရှမ်းလူငယ်အသင်းအား ရပ်မိရပ်ဖဉ္ဇကွင်ဒ ဦးစိုင်းထွန်းမွန်းက ဆွဲပြားနှင့် ငွေသားဆုချီးမြှင့်ခြင်း၊ ပထမဆုရရှိသည့် ရွှေကြက်ဖအသင်းအား တတက(၃)မှ ခေတ္တကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး မြင့်ဇော်က ရွှေဆွဲပြားချီးမြှင့်၍ မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးသက်နိုင်က ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဖလားအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ပိုးတောင်း**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း စီမံချက်ရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

မော်ဘီ ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာတို့မှ စီမံကိန်းကော်မတီဝင်များအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)စီမံချက်ရေးဆွဲခြင်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP)သင်တန်းကို အဆိုပါဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မော်ဘီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က သင်တန်းဖွင့်လှစ်ပို့ချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ကျွမ်းကျင်နည်းပြများက စီမံကိန်းရေးဆွဲနည်း ရန်ပုံငွေသုံးစွဲနည်းဆိုင်ရာ ဘာသာရပ်များကို ငါးရက်ကြာစာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကုန်သွယ်/စီးပွား

ဆိပ်ဖြူမြို့ ကြက်သွန်နီဈေးနှုန်းဈေးကွက်

ဆိပ်ဖြူ ဇူလိုင် ၂၉

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့သို့ ကြက်သွန်နီ နေ့စဉ်ကုန်ချိန်ပိသာ လေးသောင်းခန့်၊ တစ်ပတ်အတွင်း စုစုပေါင်းပိသာသုံးသိန်းခန့် ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ကြက်သွန်နီ တစ်ပိသာလျှင် အမြင့်ဈေးထိပ်စ (ရှယ်) ၁၇၂၅ ကျပ် မှ ကျပ် ၁၈၅၀၊ အလတ်စ ကျပ် ၁၆၅၀ မှ ကျပ် ၁၇၀၀၊ အနိမ့်ဈေး ကျပ် ၁၆၀၀ မှ ကျပ် ၁၅၅၀ ဈေးနှုန်း အသီးသီးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လဒုတိယပတ်တွင် ကြက်သွန်နီ တစ်ပိသာလျှင် အမြင့်ဈေးထိပ်စ ကျပ် ၁၈၀၀ မှ ၁၈၇၅ ကျပ်ဖြင့် ဈေးနှုန်းအနည်းငယ်မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဆိပ်ဖြူမြို့ရှိ ကြက်သွန်နီများကို ရန်ကုန်(ဘုရင့်နောင်ပွဲရုံ)နှင့် ဧရာဝတီတိုင်းဒေသကြီး မြဝတီဝယ်လက်မှ တစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ အများဆုံးကုန်စည်စီးဆင်းလျက်ရှိကြောင်း သိရသည်။ ဇူလိုင်လတတိယပတ်အတွင်း ကြက်သွန်နီ စုစုပေါင်း ပျမ်းမျှပိသာချိန် လေးသိန်းခန့်၊ အိတ်ရေအားဖြင့် ၁၃၃၅ အိတ်၊ တန်ချိန်အားဖြင့် ၆၅၃ တန်ခန့် ကုန်စည်စီးဆင်းခဲ့ကြောင်း သိရ သည်။

မိတ္ထီလာဈေးကွက်အတွင်း မိုးပဲတီစိမ်းအသစ်များ ဝင်ရောက်

မိတ္ထီလာ ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် လယ်ယာထွက်ကုန်သီးနှံများအနက် ဈေးကွက်ဝင် သီးနှံတစ်မျိုးဖြစ်သည့် ပဲတီစိမ်းကို မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းစသည့် မြို့နယ်များတွင် စိုက်ပျိုးကြပြီး မိုးပဲတီစိမ်းကို မေလနှင့် ဇွန်လဆန်းပိုင်းများတွင် စိုက်ပျိုးကြကြောင်း၊ ယခုနှစ်၌ မိုးရွာသွန်းမှုနည်းပါးသဖြင့် အပင်ဖြစ်ထွန်းမှု အားနည်းပြီး ပဲတီစိမ်းအထွက်နှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် အထွက်နှုန်းလျော့နည်းကြောင်း သိရသည်။

ဇူလိုင်လစတုတ္ထပတ်မှ စတင်၍ မိုးပဲတီစိမ်းအသစ်များ မိတ္ထီလာမြို့ပေါ်ရှိ ပွဲရုံများသို့ ဝင်ရောက်လာပြီး တစ်တင်းလျှင် ကျပ် ၅၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်နှစ်က ပဲတီစိမ်းပေါ်စအချိန်တွင် တစ်တင်းလျှင် ကျပ် ၄၈၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ရှိခဲ့ပြီး ယခင်နှစ်နှင့် ယခုနှစ်နှိုင်းယှဉ်လျှင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၉၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း၊ ဈေးကွက်အနေဖြင့် ပဲတီစိမ်းကို ဒေသတွင်းရှိ ပဲပင်ပေါက်လုပ်ငန်းများအပြင် မန္တလေးဝယ်လက်များက အဓိကဝယ်ယူလျက်ရှိကြောင်း သိရသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

ခန္ဓီးမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲပြုလုပ်

ခန္ဓီး ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက ချင်းတွင်းရတနာ ဂေါက်ကလပ်အတွင်း ပြုလုပ်သည်။

ဦးစွာ ခန္ဓီးတပ်နယ်မှူး ဗိုလ်မှူးကြီးသက်ထူးစံ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များက ပျိုးပင်များပေးအပ်ရာ ဌာနဆိုင်ရာအလိုက် လက်ခံရယူကြပြီး စိုက်ပျိုးကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ စုစုပေါင်းအင်အား ၂၀၀ က မန်ဂျန်ရှားပင် ၂၃၅ ပင်အား စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

အေးခိုင်(ပြန်/ဆက်)

ရုရှားအစိုးရ အာဖရိကနိုင်ငံများနှင့် ကာကွယ်ရေးဆိုင်ရာဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်

ရေး မြှင့်တင်လိုကြောင်း နိုင်ငံရေးလေ့လာသူများက ဆိုသည်။

ကိုးကား – အင်နန်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

မော်စကို ဇူလိုင် ၂၉

ရုရှားအစိုးရသည် အာဖရိကနိုင်ငံများနှင့် ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးကို တိုးမြှင့်ရန်နှင့် ရုရှားနှင့် စစ်ရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ရယူထားသည့် အာဖရိကနိုင်ငံ ၄၀ ကျော်အား ကာကွယ်ရေးလက်နက်များနှင့် ကိရိယာများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

ရုရှားနိုင်ငံ ဒုတိယအကြီးဆုံးမြို့ စိန့်ပီတာစဘတ်၌ ယနေ့ ကျင်းပသည့် ရုရှား–အာဖရိက ထိပ်သီးအစည်းအဝေးတွင် သမ္မတ ပူတင်က အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

အာဖရိကနိုင်ငံ ၅၄ နိုင်ငံရှိသည့်အနက် ၄၉ နိုင်ငံမှ အစိုးရအရာရှိများနှင့် စီးပွားရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရုရှားသည် အာဖရိကလုံခြုံရေးအဖွဲ့အစည်းများနှင့် နီးကပ်စွာ ဆက်ဆံရေးမြှင့်တင်ရန် ဆန္ဒရှိကြောင်းနှင့် မော်စကိုသည် အာဖရိကမှ စစ်ဘက်ဆိုင်ရာ အရာရှိများကို ဆက်လက်လေ့ကျင့်သင်ကြားပေးရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သမ္မတ ပူတင်က ဆိုသည်။

ယူကရိန်းအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရာတွင် အာဖရိကနိုင်ငံများက အစပြုလုပ်ဆောင်နေသည်ကို အသိအမှတ်ပြုကြောင်းနှင့် ရုရှားအနေဖြင့်လည်း အာဖရိကနိုင်ငံများ၏ ငြိမ်းချမ်းရေး အဆိုပြုချက်ကို အလေးပေး သုံးသပ်လျက်ရှိကြောင်း ပူတင်က ပြောသည်။

ရုရှားက အာဖရိကခြောက်နိုင်ငံသို့ လာမည့်လအနည်းငယ်အတွင်း စပါးများကို အခမဲ့ပို့ဆောင်ပေးမည်ဟု ပူတင်က ကတိပြုခဲ့သည်။

အာဖရိကနိုင်ငံများနှင့် အနောက်နိုင်ငံများအကြား ဆက်ဆံရေး အနည်းငယ် အေးစက်လာချိန်တွင် ရုရှားနိုင်ငံက ၎င်း၏ ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အဓိကထားပြီး ဆက်ဆံ

မြောက်ကိုရီးယားအရေးနှင့်စပ်လျဉ်း၍ ဂျပန်၊ တောင်ကိုရီးယားတို့နှင့်အတူ သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အမေရိကန်စီစဉ်လျက်ရှိ

ဝါရှင်တန် ဇူလိုင် ၂၉

အမေရိကန်နိုင်ငံသည် လာမည့်လတွင် ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံတို့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံကာ သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် စီစဉ်လျက်ရှိကြောင်း ယနေ့ အင်နန်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ယင်းသို့ သုံးနိုင်ငံထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးစဉ် မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုများကိုလည်း ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ডင်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ကီရှီဒါနှင့် တောင်ကိုရီးယားနိုင်ငံ သမ္မတ ယွန်ဆက်ယိုးတို့နှင့်အတူ ကျင်းပမည့် သုံးနိုင်ငံ ထိပ်သီးအစည်းအဝေးကို သြဂုတ် ၁၈ ရက်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ဇူလိုင် ၂၈ ရက်တွင် ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံသမ္မတ ဂျိုးဘိုင်ডင်၊ တောင်ကိုရီးယားနိုင်ငံ သမ္မတ ယွန်ဆက်ယိုးနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ကီရှီဒါတို့သည် သြဂုတ် ၁၈ ရက်တွင် မြို့တော်ဝါရှင်တန်ရှိ Camp David ဆိတ်ငြိမ်ရိပ်သာ၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးမှုသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ডင်အနေဖြင့် သမ္မတရာထူးတာဝန်စတင်ထမ်းဆောင်ခဲ့ပြီးနောက် Camp David ဆိတ်ငြိမ်ရိပ်သာ၌ ပြည်ပခေါင်းဆောင်များကို ပထမဆုံးအကြိမ် ဖိတ်ခေါ်တွေ့ဆုံခြင်းလည်း ဖြစ်လာမည်ဖြစ်သည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးမည်ဖြစ်သောကြောင့် အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီသည် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား ဆက်ဆံရေးသည် ပိုမိုနီးကပ်စွာနှင့် နက်ရှိုင်းစွာရှိနေကြောင်းလည်း သတင်းထောက်များအား ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသမ္မတ ဂျိုးဘိုင်ডင်၊ တောင်ကိုရီးယားနိုင်ငံ သမ္မတ ယွန်ဆက်ယိုးနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ကီရှီဒါတို့သည် မေလအတွင်းက ဟီရိုရှီးမားမြို့၌ ကျင်းပခဲ့သည့် ဂျီ–၇ ထိပ်သီးအစည်းအဝေး၏ ပြင်ပတွင်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုးကား – အင်နန်အိတ်ချ်ကေ
ဘာသာပြန် – အလင်းသစ်

ဂျပန်အမျိုးသားနှင့် အမျိုးသမီးများ၏ ပျမ်းမျှသက်တမ်း ၂၀၂၂ ခုနှစ်အတွင်း လျော့ကျ

တိုကျို ဇူလိုင် ၂၉

ဂျပန်အမျိုးသားနှင့် အမျိုးသမီးများ၏ ပျမ်းမျှသက်တမ်းသည် ၂၀၂၂ ခုနှစ်အတွင်း လျော့ကျခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ယင်းသို့ ပျမ်းမျှသက်တမ်းလျော့ကျခြင်းသည် ကိုရိုနာဗိုင်းရပ်ရောဂါကူးစက်မှုကြောင့်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အမျိုးသမီးများ၏ ပျမ်းမျှသက်တမ်းသည် ၈၇ ဒသမ ၀၉ နှစ်ဖြစ်ပြီး ၂၀၂၁ ခုနှစ်အတွင်း သတ်မှတ်စံနှုန်းထက် သုည ဒသမ ၄၉ နှစ် ပိုမိုလျော့ကျသွားခဲ့သည်။ အမျိုးသားများ၏ပျမ်းမျှ သက်တမ်းသည် ၈၁ ဒသမ ၀၅ နှစ် ဖြစ်ပြီး ၂၀၂၁ ခုနှစ်ထက် သုည ဒသမ ၄၂ နှစ် ပိုမိုလျော့ကျသွားကြောင်း သိရသည်။

ဂျပန်အမျိုးသမီးများ၏သက်တမ်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်သည်။ ဂျပန်အမျိုးသားများ၏ သက်တမ်းသည် ဆွစ်ဇာလန်၊ ဆွီডင်နှင့်သြစတေးလျတို့ပြီးနောက် စတုတ္ထအမြင့်ဆုံးဖြစ်သည်။

ကိုဗစ်–၁၉ ရောဂါ၊ နှလုံးရောဂါနှင့် သက်ကြီးရွယ်အိုများ သေဆုံးနိုင်ခြေသည် ယခင်နှစ်ထက် ၂၀၂၂ ခုနှစ်တွင် မြင့်တက်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်ကြောင့် သေဆုံးသူ စုစုပေါင်း ၄၇၆၃၅ ဦးရှိပြီး ၂၀၂၁ ခုနှစ်အတွင်း သေဆုံးသူ အရေအတွက်ထက် ၃၀၀၀၀ ကျော် မြင့်တက်ခဲ့သည်။

ကပ်ရောဂါမှ ပြန်လည်သက်သာလာသည်နှင့်အမျှ ပျမ်းမျှ သက်တမ်း တိုးလာနိုင်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောသည်။

ကိုးကား – အင်နန်အိတ်ချ်ကေ
ဘာသာပြန် –အောင်ကျော်ကျော်

အိန္ဒိယနိုင်ငံ၏ ကျားကောင်ရေ ၆ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်

နယူးဒေလီ ဇူလိုင် ၂၉

အိန္ဒိယနိုင်ငံ၏ ကျားကောင်ရေသည် လက်ရှိတွင် ခန့်မှန်းခြေအားဖြင့် ၄၀၀၀ ဝန်းကျင်ရှိခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း အိန္ဒိယနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်၊ သစ်တောနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီးဌာနက ဇူလိုင် ၂၉ ရက်တွင် ပြောကြားသည်။

ကျားကောင်ရေ ၃၉၂၅ ကောင်

အိန္ဒိယနိုင်ငံ၏ ကင်မရာများတပ်ဆင်ထားသည့် ဧရိယာများ၌ ကျားကောင်ရေ ၃၁၆၇ ကောင်ရှိကြောင်း၊ သို့ရာတွင် ကင်မရာတပ်ဆင်ထားသော နေရာများနှင့် ကင်မရာမတပ်ဆင်ထားသော နေရာများမှ ရရှိသည့်အချက်အလက်နှစ်ခုပေါင်း၍ ရရှိသော အိန္ဒိယနိုင်ငံ တောရိုင်းတိရစ္ဆာန်အင်စတီကျု၏ အချက်အလက်များတွင်မူ ကျားကောင်ရေ ၃၉၂၅ ကောင်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ ကျားကောင်ရေသည် ကမ္ဘာတစ်ဝန်းရှိ ကျားကောင်ရေ၏ ၇၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လျှုဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၂၉

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လျှုဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လျှုဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှ တစ်ဆင့် SMS(စာတို)ဖြင့် လျှုဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လျှုဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် လျှုဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၉

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မန္တလေး-ရန်ကုန် ကုန်သွယ်မှု လမ်းမကြီး တစ်လျှောက် အခွန်ပေးဆောင်ထားသည့် ကုန်ပစ္စည်းများထက် ပိုမို တင်ဆောင်လာနိုင်ကြောင်း သတင်းအရ အင်းတကော်မြို့နယ် ရွှေလီဆီဆိုင်အနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် 100% Polyester Fabric ကီလိုဂရမ် ၂၂၃၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၁၀,၇၃)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅,၀၀၀,၀၀၀ (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅,၁၀,၇,၃)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အပြင် ဇူလိုင် ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က ကော့ကရိတ် (တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ကျုံဒိုးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Smart Softener အထုပ် ၁၂၀၀၊ Golden Mountain Oyster Source ပုလင်း ၉၆၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄,၂၅,၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄,၀၀,၀၀,၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄,၂၅,၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (သွင်းကုန်)၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝန်စည်တစ်ခုအတွင်းမှ Personal Effect နှင့် အကျုံးဝင် ကိုက်ညီမှန်ကန်မှုမရှိသည့် Clasp Sample တစ်ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄,၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အရေးယူဆောင်ရွက်

ထပ်မံ၍ ဇူလိုင် ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က မြဝတီ-ဘားအံ-ရန်ကုန် ကုန်သွယ်မှုလမ်းမကြီးတစ်လျှောက် အခွန်ပေးဆောင်ထားသည့် ကုန်ပစ္စည်းများထက် ပိုမိုတင်ဆောင်လာနိုင်ကြောင်း သတင်းအရ အင်းတိုင်စစ်ဆေးရေးဂိတ်အနီး၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Sun Sir Sewing Machine အခု ၁၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆,၃,၂,၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆,၅,၀,၀,၀,၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉,၁,၃,၂,၀,၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ၔင်းအပြင် ဇူလိုင် ၂၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တနိုင်းမြို့ဝင် စုပေါင်းဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Toyota Hiace မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၅,၀,၀,၀,၀)ကို လည်းကောင်း၊ မိုးညှင်းမြို့အဝင် မြို့ရှောင်လမ်းဆုံ ပြည်ထောင်စုလမ်းမကြီး အနီး၌ လိုင်စင်မဲ့ Toyota Voxy မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇,၀,၀,၀,၀,၀)နှင့် Honda Insight ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈,၀,၀,၀,၀,၀)ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၈,၅,၀,၀,၀,၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁,၉,၁,၉,၇,၇)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

■

ဆည်တော်လေးကျေးရွာတွင် ကြက်ဟင်းခါးသီးစိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်းကာ အဆင်ပြေလျက်ရှိ

မန္တလေး ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆည်တော်လေးကျေးရွာတွင် ကြက်ဟင်းခါးသီးစိုက်ပျိုးကြသည့် တောင်သူများ အောင်မြင်ဖြစ်ထွန်းကာ စျေးကောင်းရရှိနေ၍ အဆင်ပြေလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်တော်လေးကျေးရွာမှ ကြက်ဟင်းခါးသီး စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေးပိုင်ရှင် ဦးမြင့်ဆွေက ပြောသည်။

အဆိုပါကျေးရွာတွင် ကြက်ဟင်းခါးသီးများကို ဆီးသီးရာသီကုန်ချိန်တွင် ဆီးပင်များကြား၌ သီးထပ်၊ သီးညှပ်သီးနှံအဖြစ် ရေသွင်းစိုက်ပျိုးကြကြောင်း၊ ယင်းသီးနှံကို မတ်လမှစ၍ စိုက်ပျိုးခဲ့ရာ အပင်များ အောင်မြင်ဖြစ်ထွန်းသည့်အပြင် အထွက်နှုန်းကောင်းကာ စျေးကောင်းရနေကြောင်း၊ လက်ရှိရောင်းချနေရသည့် စျေးနှုန်းများမှာ တစ်ပိသာလျှင် ငွေကျပ် ၈၀၀ နှုန်း ရောင်းချရသဖြင့် အပိုဝင်ငွေများရရှိပြီး အဆင်ပြေနေကြကြောင်း သိရသည်။

"ကြက်ဟင်းခါးသီးက မတ်လကနေစစိုက်တာ စက်တင်ဘာလမှ ရာသီကုန်တာပါ။ အသီးအထွက်နှုန်းလည်းကောင်း စျေးကောင်းလည်း ရရှိနေတာကြောင့် တောင်သူတွေမှာ အပိုဝင်ငွေတွေရရှိပြီးတော့ အဆင်ပြေနေကြပါတယ်။ သီးနှံတွေထဲမှာ ကြက်ဟင်းခါးသီးက တွက်ခြေအကိုက်ဆုံးပါ။ စိုက်တဲ့မျိုးတွေကတော့ ဗမာမျိုးများဖြစ်တဲ့ မြွားနီမျိုး၊ ပါလိမျိုးတွေစိုက်တာပါ။ တစ်ပတ်ကို သုံးရက်ခူးပါတယ်။ တစ်ရက်ကို ပိသာချိန် ၁၀၀ နှုန်း ပုံမှန်ခူးတယ်။ သုံးရက်ဆိုရင် ပိသာချိန် ၃၀၀ နှုန်း ခူးရတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ကျေးရွာတွင် ကြက်ဟင်းခါးသီးစိုက်ဧက ၅၀ စိုက်ပျိုးကြောင်း၊ တစ်ဧကလျှင် ကြက်ဟင်းခါးသီးစိုက်ပျိုးစရိတ် ကုန်ကျငွေကျပ် ၁၀ သိန်းကုန်ကျပြီး ရာသီကုန်ချိန် တစ်ဧကအမြတ်စွန်းမှာ ၂၅ သိန်းကျန်ရှိကာ တောင်သူများအတွက် တွက်ခြေကိုက်သည့် သီးနှံဖြစ်ကြောင်း၊ ကြက်ဟင်းခါးသီးအပြင် ခဝဲသီး၊ ခရမ်းသီးတို့ကိုလည်း စိုက်ပျိုးကြကြောင်း၊ ရောင်းချရာတွင် မန္တလေးစျေးကွက်နှင့် ပြင်ဦးလွင်စျေးကွက်များသို့ ဖြန့်ဖြူးရောင်းချပေးကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပန်းတနော်မြို့နယ် ဒေါဝါးရေတံခါးအတွင်းသို့ ငါးသားပေါက်ကောင်ရေ လေးသိန်း စိုက်ထည့်

ပန်းတနော် ဇူလိုင် ၂၉

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက သဘာဝမြစ်ချောင်းရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြုလုပ်ရာ ဒေါဝါးကျေးရွာအုပ်စု ဒေါဝါးရေတံခါးအတွင်းသို့ ငါးသားပေါက်ကောင်ရေလေးသိန်း စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ အောင်ဟိတ်ငါးသားဖောက်စခန်းမှ တာဝန်ရှိသူများက ငါးခုံးမကြီးကောင်ရေ တစ်သိန်းခွဲ၊ ငါးမြစ်ချင်းကောင်ရေ နှစ်သိန်း၊ ရွှေဝါငါးကြင်းကောင်ရေ ငါးသောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ လေးသိန်းတို့ကို ဒေါဝါးကျေးရွာ ရေတံခါးအတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ ပြည့်ဖြိုးကျော်(ပြန်/ဆက်)

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်များ၏ သင်ကြားသင်ယူမှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်တို့သည် ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီရိုးမြို့နယ် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက နိုင်ငံတော်အနေဖြင့် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုအဖြစ် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အခြေခံသည့် အသေးစား၊ အငယ်စား နှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များ နားလည်တတ်ကျွမ်းသည့် လူငယ်များ၏ အခန်းကဏ္ဍသည် များစွာ အရေးပါလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာတွေ့လက်တွေ့ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ပြီး အနာဂတ်လယ်ယာကဏ္ဍ၏ ဦးဆောင်ဦးရွက်ပြုကြသူများအဖြစ် ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများသည် အဆိုပါတက္ကသိုလ်များရှိ စားရိပ်သာများ၊ အိပ်ဆောင်များနှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ပညာသင်ယူလျက်ရှိကြသည့် ကျောင်းသား ကျောင်းသူများ၏ နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့စေရေးနှင့် ကျန်းမာရှင်လန်းစွာ ပညာသင်ယူနိုင်ရေး ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးများသည် ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သင်ကြားရေးနှင့် သင်ယူရေးဆိုင်ရာများ၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင် သာယာရေးကိစ္စရပ်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အတွက် အာဟာရဖြည့်စွက်စာများပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စိမ်ဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

နယ်လှည့်စာကြည့်တိုက်ဖွင့်ခြင်းနှင့် နယ်လှည့်တိုင်းရင်းဆေးကုသခြင်း ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့ပူးပေါင်းပြီး နယ်လှည့်စာကြည့်တိုက်ဖွင့်ခြင်းနှင့် နယ်လှည့်အခမဲ့ဆေးကုသခြင်းလုပ်ငန်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပညာရာမိကမဟာကျောင်းတိုက်သို့ သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဦးစွာမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်းနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများကို ဆရာတော်၊ သံဃာတော်များအား လျှောက်ထားခြင်းနှင့် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်အေးချမ်းမိုးက တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးအကြောင်း ဟောပြောလျှောက်ထားပြီး ရောဂါများ အခမဲ့စမ်းသပ်စစ်ဆေးပေးခြင်း၊ ကုသပေးခြင်းများဆောင်ရွက်ပေးခဲ့ကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်၍ သံဃာတော်များအား စာအုပ်စာစောင်ဌားပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၇-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၂၃၅	၂၂၈၀	၂၂၇၅	၂၂၄၀	၂၂၈၀	၂၃၀၅	၂၂၉၀	၂၂၆၅	၂၃၆၅	၂၃၈၀	၂၂၇၀	၂၂၈၀	၂၃၂၀	၂၃၂၀	၂၃၂၀	၂၅၅၀	၃၀၀၀
95 Ron	၂၃၄၅	၂၃၉၅	၂၃၉၀	၂၃၅၅	၂၃၉၀	၂၄၁၅	၂၄၀၀	၂၃၇၅	၂၄၇၅	၂၄၉၀	၂၃၈၅	၂၄၀၀	၂၄၃၀	၂၄၃၀	၂၄၃၅	၂၆၆၀	၃၁၀၀
HSD (500 ppm)	၂၃၁၀	၂၃၆၀	၂၃၅၅	၂၃၂၀	၂၃၆၀	၂၃၈၀	၂၃၈၀	၂၃၄၅	၂၄၆၅	၂၄၆၀	၂၃၅၀	၂၃၆၀	၂၃၉၅	၂၄၀၀	၂၄၀၀	၂၆၃၀	၃၁၀၀
HSD (50 ppm)	၂၃၉၀	၂၄၃၅	၂၄၃၅	၂၃၉၅	၂၄၃၅	၂၄၆၀	၂၄၅၅	၂၄၂၀	၂၅၄၀	၂၅၃၅	၂၄၂၅	၂၄၄၀	၂၄၇၅	၂၄၇၅	၂၄၇၅	၂၇၀၅	၃၁၆၀
HSD (10 ppm)	၂၃၉၀	၂၄၃၅	၂၄၃၅	၂၃၉၅	၂၄၃၅	၂၄၆၀	၂၄၅၅	၂၄၂၀	၂၅၄၀	၂၅၃၅	၂၄၂၅	၂၄၄၀	၂၄၇၅	၂၄၇၅	၂၄၇၅	၂၇၀၅	၃၁၆၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၁၂၃	၂၁၉၉
95 Ron	၂၂၃၁	၂၃၀၉
HSD (500 ppm)	၂၁၉၉	၂၂၇၃
HSD (50 ppm)	၂၂၇၃	၂၃၄၈
HSD (10 ppm)	၂၂၇၃	၂၃၄၈

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆۷- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆۷- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်ခွဲနမူနာစုစုပေါင်း ၄၄၇၉ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၄၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၁) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၁၉,၆၀၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၄၁,၀၅၃) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၂၀) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ကျန်းမာရေးဝန်ကြီးဌာန**



ဝတ္ထုတို

ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)

(၁)

"အဟွတ် အဟွတ်"

ချောင်းတွေ ဆက်တိုက်ဆိုးနေသော အမေ့ကိုကြည့်၍ ကျော်ဝင်း စိတ်မကောင်းဖြစ်နေမိသည်။ ခုရက်ပိုင်းအတွင်း အမေ့အခြေအနေက ပိုဆိုးလာပြီ။

အမေ့ဘေးနားမှာ မကြီးက ပြုစုပေးနေပေမယ့် ခဏသာ။ စက်ရုံစက်ချုပ်သမဖြစ်သလို အိမ်ထောင်ကျနေပြီဖြစ်သည့် အစ်မက ခဏလာကြည့်တာဖြစ်သည်။ သူ့အမျိုးသားရှိရာသို့ လိုက်နေနေသော အစ်မကြီးကို သူတို့မပိုင်တော့။ ခုတော့ ဒီအိမ်စုတ်ကလေးမှာ သူရယ်၊ အမေရယ်၊ ညီလေး ကျော်စိန်ရယ်သာ ကျန်တော့သည်။ အမေက အိမ်တကာလှည့် အဝတ်လျှော်စားသူ။ အဖေကတော့ ညီလေးသုံးနှစ်သားလောက်မှာ ဆုံးသွားပြီဖြစ်သည်။ အသက်ဆယ့်နှစ်နှစ်သာရှိပေမယ့် ငါးတန်းနှင့် သူကျောင်းထွက်လိုက်ရသည်။ ညီလေး ကျော်စိန်ကိုတော့ အမေနှင့်သူ ကြိုးစား၍ ကျောင်းထားပေးမည်ဟု ဆုံးဖြတ်ချက်ချထားသည်။ ကျောင်းထွက်လိုက်ကတည်းက ရပ်ကွက်စျေးလေးထဲ တောက်တိုမယ်ရ အလုပ်လေးတွေ လိုက်လုပ်ပေးရင်း အိမ်စားစရိတ်ကို တတ်နိုင်သလောက် သူရှာခဲ့သည်။

စျေးသည်တွေရဲ့ပစ္စည်းတွေ နိုင်သလောက် ကူသယ်၊ ကူခင်း၊ လိုက်ပို့ပေးရင်း စျေးကူလီလေးဖြစ်လို့နေပြီ။ တချို့က လုပ်အားခအပြင် သူတို့ရောင်းကုန်ဟင်းသီး၊ ဟင်းရွက် အကျန်လေးများပါ ပေးတတ်၍ သူတို့အိမ် မီးဖိုချောင်အတွက် အဆင်ပြေသည်။ ခု အမေ တော်တော်နေမကောင်းဖြစ်လာတော့ အိမ်စားဝတ်နေရေးက သူ့အပေါ်ပုံကျလာတော့သည်။ အစ်မကြီးကလည်း ရရစားစား သာမန်မို့ အိမ်ကို ဘာမှမထောက်ပံ့နိုင်ပေ။

"ဟဲ့ကျော်ဝင်း ငါသွားပြီ။ အလုပ်နောက်ကျတော့မယ်။ ငါဆေးတိုက်ခဲ့တယ်နော်။ ဆန်ပြုတ်လည်း ပိုပြုတ်ထားတယ်"

"ဟုတ်မကြီး"

ခြင်းတောင်းလေးဆွဲကာ အလုပ်နောက်ကျမှာစိုး၍ အမြန်ထွက်သွားသော အစ်မကိုကြည့်၍ ကျော်ဝင်းတစ်ယောက် ငိုင်နေမိသည်။ အမေက ဆေးအရှိန်ကြောင့် အိပ်နေပြီ။ ညီလေးက ကျောင်းသွားပြီဆိုတော့ အမေ့ကို စောင်အပါးလေးတစ်ထပ် ထပ်ခြုံပေးလိုက်ပြီး စျေးသို့ ထွက်လာခဲ့သည်။ မသွားလို့မဖြစ်။ တစ်ရက်မသွားလျှင် ညစာစားဖို့ မရှိပေ။

(၂)

"ဒေါ်လေးရွှေ ဘာခိုင်းစရာရှိလဲ"

"ဟယ် ကျော်ဝင်း နောက်ကျလိုက်တာဟယ်။ ဟိုစားသောက်ဆိုင်ကို ပန်းပွင့်နဲ့ ခရမ်းချဉ်သီးတွေ သွားပို့ပေးဦး"

"ဟဲ့ ဟိုအကြော်ဆိုင်က ဘူးသီးနှစ်လုံးတဲ့ "

သူ နိုင်သလောက် ပစ္စည်းတွေယူရင်း အမြန်သွားပို့ပေးသည်။ သူ့အရွယ်လေးကို ယုံကြည်စိတ်ချပြီး ခိုင်းတာကို ကျေးဇူးတင်ရမည်။ တာဝန်ကျေအောင်လုပ်ပေးတဲ့ သူ့ကိုစျေးသည်တွေကလည်း ချစ်ကြသည်။ သနားသဖြင့် ပေးကျွေးကြသူကများသည်။ မိုးတွင်းမို့မိုးကရွာလိုက်၊ တိတ်လိုက်နှင့် ကျော်ဝင်းတစ်ကိုယ်လုံး မိုးရေတွေ ရွှဲနေတော့သည်။ သူ့မှာ အဝတ်အစားက သုံးစုံထက်မပို။ ဒါကြောင့် အပေါ်အဝတ်ကိုချွတ်ပြီး လှန်းထားရသည်။ အပေါ်ပိုင်း ဗလာကျင်းလေးနှင့် မိုးဒဏ်၊ လေဒဏ်ကို အန်တုကာနေရသည်။ ရသမျှ ပိုက်ဆံလေးတွေ ပလတ်စတစ်အိတ်လေးထဲ ထည့်ကာ ဘောင်းဘီလေးထဲတွင် သရေကွင်းနှင့် ချည်ထားသည်။

မိုးဖွဲဖွဲလေးအောက်မှာ ပစ္စည်းတွေ သယ်ပိုးပေးနေရင်း ကျော်ဝင်းမျက်စိထဲက (အထည်ဆိုင်ကြီး)မှ ချိတ်ပြထားသော ကလေးဝတ်ထည်လေးတွေက ဝင်လာတော့သည်။ အရောင်အသွေးအစုံနှင့် လှပနေသည့် အဝတ်အထည်လေးများက သူ့အာရုံကို ဖမ်းစားနေတော့သည်။

"ကြည့်စမ်း ဟိုအနီရောင်လေးဆို ညီလေးနဲ့လိုက်မှာ။ ညီလေးက အသားဖြူတော့ အပြာရောင်လေးနဲ့လည်းလှမှာပဲ"

သူ့ကိုယ်တွင် အဝတ်မပါပေမယ့် စိတ်ကူးဖြင့် ဝယ်နေတာတောင် သူ့ညီလေးအတွက်ဖြစ်သည်။ အင်မတန်လှနေ၍ အနားတိုးပြီး ကြည့်လိုက်သည်။

"ဟဲ့ ကောင်လေး သွားစမ်း။ ဝေးဝေးသွား ဘာလို့ကပ်လာတာလဲ" အထဲက ဆိုင်ရှင်မိန်းမကြီး ထွက်လာကာ သူ့ကို အထင်သေးစွာကြည့်ပြီး အော်ပြောတော့သည်။ အထဲကိုလည်း အရောင်းစာရေးမ လေးများက လှမ်းအော်တော့သည်။

"ဟဲ့ အထဲမှာ ဘာလုပ်နေကြတာလဲ။ အပြင်ကြည့်ကြဦး။ သည်မှာ အလစ်သုတ်သွားမယ်နော်"

ဆိုင်ရှင် အဒေါ်ကြီး စကားကြောင့် သူဒေါသထွက်သွားသည်။ ဝမ်းလည်းနည်းသွားသည်။

(၃)

"အမေ သက်သာရဲ့လား"

"သက်သာပါဗြီ သားရယ်။ တော်တော်နေလို့ ကောင်းလာပါပြီ။ သုံးလလောက် အိပ်ရာထဲလဲနေတာ ငါ့သားကြီး ပင်ပန်းလိုက်တာကွယ်"

"ရပါတယ် အမေရာ။ သားက အမေ့ကိုတောင် အဝတ်မလျှော်စေချင်တော့ဘူး"

သူ့ စကားကြောင့် အမေပြုံးရင်း

"မလျှော်လို့ ဘယ်ဖြစ်မလဲသားရယ်။ သားလုပ်အားခလေးနဲ့က အဆင်မပြေဘူးလေ"

"တခြားအလုပ် ပြောင်းလုပ်ကြည့်ပါလားအမေ။ အမေ့ရောဂါနဲ့က သည်အလုပ်နဲ့ဆို ထပ်ပြီးဖြစ်နေဦးမှာပဲလေ"

သူ့စကားကြောင့် အမေ အချိန်ယူစဉ်းစားနေသည်။ အတန်ကြာမှ

"အင်း သာကူကျို၊ ဂျုံယိုတော့လုပ်တတ်တယ်။ သားရယ်။ ဒါပေမဲ့ ရောင်းမကောင်းလို့ မရောင်းတော့တာလေ။ သားမမွေးခင်ကတည်းက"

အမေ့စကားကြောင့် သူ့မျက်နှာ ဝင်းလက်သွားသည်။ သံသေတ္တာအဟောင်းလေးထဲက အသေအချာစုထားသည့် ငွေလေးတွေယူကာ အမေ့ကို ပေးလိုက်သည်။

"အမေ ဒါ သားဘာမှဝယ်မစားဘဲ အတော်ခံပြီး စုထားတဲ့ ပိုက်ဆံနှစ်သောင်း။ အမေ အရင်းတည်ပြီးရောင်းဗျာ။ တစ်ရာတန်၊ နှစ်ရာတန်ထုပ်ပြီး စျေးထဲလည်း ကျွန်တော်ပတ်ရောင်းမယ်။ အဝတ်မလျှော်တော့နဲ့ အမေ။ အမေ့ ရောဂါပိုဆိုးလာမှာစိုးလို့"

"ကောင်းပြီသား။ သား စိတ်ဓာတ်ပြင်းပြနေမှတော့ အမေတို့ ကြိုးစားကြမယ်။ အဝတ်လျှော်တာလည်း အမေ စိတ်ပဲရှိတာပါ။ လုပ်ရင်လည်း ရောဂါကတိုးလာမှာမို့ စျေးရောင်းကြတာပေါ့"

အမေလည်း စိတ်အားတက်ကြွစွာ ပါလာပြီမို့ သူပျော်သွားမိသည်။ စျေးထဲက အလုပ်ကိုလည်းမပြတ်။ နောက်ထပ် ဝင်ငွေရအောင်လည်း ရှာရမည်။ အမေ့ကိုလည်း အိမ်ရှေ့မှာပဲရောင်းခိုင်းမည်။ ကျန်တာ သူ စျေးမှာရောင်းမည်ဟု တွေးရင်း တက်ကြွနေတော့သည်။

(၄)

နောက်ပိုင်း အမေက သာကူကျို၊ ဂျုံယိုထုပ်လေးများ ထုပ်ပေးသည်။ သူက ခြင်းထဲထည့်၍ စျေးကို ယူသွားသည်။ အစပထမ အရောင်းအဝယ်ပါးပေမယ့် အမေ့လက်ရာကြောင့် အရောင်းသွက်လာသည်။ ပျုံကျစျေးသည်တွေ ပါးစပ်ဖျား သူတို့၏ သာကူကျို၊ ဂျုံယိုက ရေပန်းစားလာသည်။ အရောင်းသွက်လာတော့ တခြားပစ္စည်းတွေလည်း ရောင်းချင်လာသည့် လောဘလေး တက်လာခဲ့သည်။ အမေ့ကို အတင်းအကျပ်မေးရင်း ဘာတွေလုပ်တတ်သေးလဲမေးတော့သည်။

"သားရယ် လောဘကြီးလိုက်တာ။"

"ဟာ အမေကလည်း အမြတ်ဘာရလို့လဲ။ သားလည်း စျေးထဲပစ္စည်း ကူသယ်ပေးတာတွေ မလုပ်ချင်တော့ဘူး။ ကိုယ်ပိုင်လုပ်ငန်းပဲ လုပ်ချင်တော့တယ်ဗျာ"

"မုန့်ဟင်းခါးတော့ကောင်းကောင်းချက်တတ်တယ်"

စုထားသည့် ပိုက်ဆံများနှင့် အရင်းတည်ကာ ပျုံကျစျေးသည်တွေ အကူအညီနှင့် နေရာလေးရကာ သားအမိနှစ်ယောက် ရောင်းကြသည်။ အငယ်ကောင်လေး ကျော်စိန်လည်း ကျောင်းအားရက် အနားမနေရတော့ပေ။ သန့်ရှင်းသပ်ရပ်သည့်လက်ရာလေးကြောင့် သူတို့ဆိုင်လေး ရောင်းကောင်းလာသည်။ သုံးလေးနှစ်အတွင်း ဖောက်သည်တွေ တော်တော်ရလာခဲ့သည်။ သူသည်ပင် လူပျိုပေါက်အရွယ် ဖြစ်လာခဲ့ပြီ။ ညီလေးတောင် ရုစ်တန်းကျောင်းသားကြီးဖြစ်လာပြီ။ အရင်လို စုတ်စုတ်ပြတ်ပြတ်နှင့် မဟုတ်ကြတော့။ အဆင်ပြေချောင်လည်လာသဖြင့် ညီလေးတောင် တောက်တောက်ပြောင်ပြောင်နှင့် ကျောင်းသွားနေရပြီဖြစ်သည်။

မုန့်ဟင်းခါးအပြင် အုန်းနို့ခေါက်ဆွဲ၊ နန်းကြီးသုပ်၊ ရေစိမ်၊ ညှပ်သုပ် အစုံတင်ပြီး ရောင်းချတော့သည်။ ညီလေးဆယ်တန်းဖြေပြီးတော့ သူတို့စျေးလေးထဲ ဆိုင်ခန်းလေးပင်ငှား၍ ရောင်းရတော့သည်။ အမေနှင့် ညီလေးနိုင်နေ၍ သူလည်း စျေးထဲက အထည်သည်ဦးကောင်းနှင့် ဆက်သွယ်မိပြီး အထည်တွေ လိုက်ရောင်းတော့သည်။ စျေးပတ်လိုက်သည်။ ပွဲတွေမှာ လိုက်ရောင်းသည်။ ရသမျှ အမြတ်လေးတွေကို ကျိတ်စုထားတော့သည်။ အိမ်စားဝတ်နေရေးက အမေ့ဆိုင်နှင့်ပင် ပြေလည်ရုံမက ပိုလျှံနေပြီဖြစ်သည်။ အစ်မကြီးပင် အမေ့ကို လာကူနေရသည်။ သူ့ လုပ်အားခကို စုရုံပင်။ ပွဲစျေးတွေ လိုက်ရောင်းရင်း လေးငါးနှစ်ကြာတော့ သူ လူရည်လည်လာသည်။ အရောင်းအဝယ်ကျွမ်းလာသည်။ အရင်းအနှီးများများသုံးလာနိုင်၍ တရုတ်ပြည်အထိ ကိုယ်တိုင်လှမ်းမှာသည်။ ကိုယ်တိုင်လည်း သွားသည်။ စျေးထဲက အထည်ဆိုင်လေးတွေတောင် လပေးစနစ်နှင့် အကြွေးချနိုင်သည်အထိ သူအောင်မြင်လာခဲ့သည်။ ဝင်ငွေကလည်း သိသိသာသာတိုးလာ၍ ကျူးကျော်ရပ်ကွက်လေးကိုတောင် သူတို့ မိသားစု ကျောခိုင်းလာခဲ့ရပြီ။

ရပ်ကွက် သန့်သန့်လေးတစ်ခုမှာ ထိုက်သင့်သည့်အိမ်လေး ဝယ်နိုင်ခဲ့ပြီဖြစ်သည်။ အိမ်မှာလည်း သူ့အထည်ပစ္စည်းများနှင့်ပြည့်နေ၍ အနောက်မှာ သီးသန့်ဂိုထောင်ကြီး ဆောက်ထားရသည်။ အရောင်းအဝယ်ကောင်းလာသလို အလုပ်တွေ ပိုလုပ်လာရသည်။ အကျိုးပေးကောင်းသည် ဆိုရပေမည်။ ရပ်ကွက်စျေးများတွင် အထည်လိုက်ဖြန့်ရင်း မိတ်တော်တော်လေးရခဲ့သည်။

(၅)

ခု သူအသက် သုံးဆယ်ကျော်ပြီ။ ညီလေးက ဘွဲ့ရပြီး တခြားအလုပ်မလုပ်ဘဲ အမေ့ဆိုင်ဦးစီးသည်။ မိန်းမရ၍ လင်မယားနှစ်ယောက်လုံး ပင်တိုင်လုပ်တော့သည်။ အမေကအေးဆေးကောင်တာထိုင်ရုံပင်။ ငွေသိမ်းပြီး အိမ်မှာ သူ့မြေးတွေနှင့် နားနေရုံပင်။ အစ်မကြီးလင်မယားလည်း အမေ့ဆီက ပညာတွေရ၍ တခြားနေရာတွင် ဆိုင်ခွဲဖွင့်ကာ အဆင်ပြေနေကြပြီဖြစ်သည်။

သူ သုံးဆယ့်ငါးအရွယ်တွင် သူ့ဆန္ဒကို အကောင်အထည်ဖော်ရန် စဉ်းစားသည်။ တိုက်တိုက်ဆိုင်ဆိုင် ငယ်ငယ်က သူ့ကိုမောင်းထုတ်သည့် အထည်ဆိုင်ကြီး၏ဘေးခ၌ နေရာရခဲ့၍ သူအမြန်ဆုံး ၄ားလိုက်ကာ အထည်ဆိုင်အကြီးကြီးဖွင့်နိုင်ခဲ့သည်။ အရောင်းစာရေး၊ စာရေးမ သုံးယောက်စီခန့်၍ လည်ပတ်ခဲ့သည်။ အရောင်းအဝယ်ကျွမ်းကျင်ခြင်း၊ ကိုယ်တိုင်ထိုင်း၊ တရုတ်အထိ တိုက်ရိုက်မှာနိုင်ခဲ့၍ လုပ်ငန်းတွင်ကျယ်လာကာ ငါးနှစ်အတွင်း တိုးတက်လာခဲ့တော့သည်။ လက်လီ၊ လက်ကား ဖြန့်ဝေပေးနိုင်ရုံသာမက နယ်အော်ဒါတွေပါ ပို့ပေးရ၍ ကျော်ဝင်းဆိုသည့် နာမည်မှာ အထည်လောကတွင် နာမည်ကြီးသွားတော့သည်။ ဆိုင်ကိုထပ်ချဲ့ရုံသာမက ဝန်ထမ်းတွေလည်း တိုးထားရသည်။ အသက်လေးဆယ်အရွယ် လူပျိုကြီးကို ပိုးပန်းနေကြသည့် ရွယ်တူလုပ်ငန်းရှင်တွေ။ သားမက်ဖမ်းချင်သူတွေ များတာတောင် သူစိတ်မဝင်စားနိုင်ခဲ့ပေ။ အလုပ်ထဲတွင် နှစ်ထားတာမို့ အထည်စက်ရုံမှာ ရှယ်ယာပါနိုင်သည်အထိ အောင်မြင်လာခဲ့သည်။

"သား အိမ်ထောင်ပြုတော့"

"ကိုကြီး နောက်ကျနေပြီနော်။ ကျွန်တော်တောင် ကလေးသုံးယောက်ရပြီ"

"ငါ့မောင် အကြိုက်မတွေ့ဘူးလား"

"အမေ မသေခင် သားကြီးကို စိတ်ချချင်တယ်ကွယ်"

"စိတ်ချအမေရေ သိပ်မကြာခင် အမေ သားကို မိန်းမတောင်းပေးရတော့မယ်။ အဆင်သင့်ပြင်ထားတော့"

သူ့စကားကြောင့် အမေ၊ မကြီး၊ ညီတို့ ပါးစပ်ဟောင်းလောင်းနှင့် ကျန်ခဲ့သည်။ သူသဘောကျစွာရယ်ရင်း အိမ်အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။

သူအိမ်ထောင်ကျလျှင် နေရန်အိမ်နှင့် ခြံကလည်း ဝယ်ပြီးပြီမို့ ဘာမှမလိုတော့။ သူ အခု လေးဆယ့်နှစ်။ သူယူမယ့် အမျိုးသမီးက သုံးဆယ်မို့ ဆယ်နှစ်ကျော်ကွာသည်။

(၆)

နေနှင့် လ။ ရွှေနှင့် မြ။ ကျော်ဝင်းရဲ့ မင်္ဂလာပွဲကြီးက စည်ကားလွန်းလှပေသည်။ နိုင်ငံခြားမှာ ပညာသင်ပြီးပြန်လာသည့် ဒီဇိုင်နာအမျိုးသမီးချော(သူ့မဟေသီ ဇနီးလောင်း)က သူ့လက်မောင်းကို ဖက်ကာ ဂုဏ်ယူပြုံးပျော်နေသည်။

ယောကျ္ဍမကြီးကတော့ ဧည့်သည်တွေကို ဧည့်ခံရင်း သူ့သားမက်လောင်း အကြောင်း ဂုဏ်သတင်းများ ပြောပြနေတာ သူကြားလိုက်ရသဖြင့် ပြုံးလိုက်မိသည်။

အထည်ဆိုင်ကြီးသုံးဆိုင်။ အထည်ချုပ်စက်ရုံမှာ ရှယ်ယာတွေဝင်ထားသည့် သူ့သားမက်လောင်း ကျော်ဝင်းဟာ လွန်ခဲ့သည့် နှစ်သုံးဆယ်လောက်က သူ့ဆိုင်ရှေ့မှာ အဝတ်အထည်လေးတွေ လာငေးနေသည့် အဝတ်ဗလာနှင့် ကောင်လေး။ သူတို့ သူခိုးဂျုပိုးထင်ပြီး မောင်းထုတ်ခဲ့သည့် ကောင်လေး။ မိုးရေထဲမှာ မျက်ရည်တွေနှင့် နာကျင်ကြေကွဲခဲ့ရသည့် စျေးကူလီလေးဟု သိခဲ့မည်ဆိုပါက ဘာဖြစ်မလဲ မသိပေမယ့် ကျော်ဝင်းကတော့ ပျော်နေမိသည်။ စိတ်ကူးအတိုင်း အိပ်မက်ကို လက်တွေ့ အကောင်ထည်ဖော်ခဲ့သည်။ အောင်မြင်အောင်လည်း ရုန်းကန်ကြိုးစားခဲ့သဖြင့် သူလိုချင်သည့် ဘဝကိုရခဲ့ပြီ မဟုတ်ပါလား။

တကယ်တော့ မဖြစ်နိုင်ဘူးဆိုသည်မှာ မရှိချေ။ လူတိုင်းမှာ အိပ်မက်ကိုယ်စီ ရှိသည်။ အိပ်မက်ရှိသူတိုင်း အကောင်အထည်ဖော်ရန် ပြင်းပြသည့် စိတ်ဓာတ်က အရေးအကြီးဆုံးပင်ဖြစ်သည်။ အောင်မြင်မှုများရရှိခဲ့သည့် ကျော်ဝင်းက သက်သေပြခဲ့ပြီဖြစ်သည်။ ။

ဆောင်းပါး

လူငယ်နှင့် ဂိမ်းစွဲလမ်းမှုပြဿနာ

■ မသန်းလှ(ပညာရေး)

ယနေ့ခေတ်သည် နည်းပညာတိုးတက်လာနေသည်နှင့်အမျှ ကောင်းကျိုးများ များပြားစွာရှိသလို နည်းပညာ၏ဆိုးကျိုးများစွာလည်း ရှိလာပါသည်။ ထိုဆိုးကျိုးများတွင် ဖုန်းကိုအချိန်တိုင်းအသုံးပြုနိုင်ခြင်းနှင့် ဖုန်းထဲတွင် Application ပေါင်းများစွာ ထည့်သွင်းအသုံးချနိုင်ပြီး ဂိမ်းစွဲလမ်းခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

အထူးသဖြင့် အလွန်ငယ်သေးသောကလေးများနှင့် ကျောင်းသားလူငယ်လေးများ ဂိမ်းစွဲလမ်းခြင်းသည် ဆိုးကျိုးများစွာကို ဖြစ်လာစေပါသည်။လူငယ်အများစုအတွက် ကွန်ပျူတာဂိမ်း၊ဗီဒီယိုဂိမ်း၊လက်ကိုင်ဂိမ်းကစားခြင်းသည် နေ့စဉ်ပုံမှန်ပြုလုပ်နေကြလုပ်ငန်းဆောင်တာတစ်ခုကဲ့သို့ ဖြစ်နေပြီး လူငယ်တချို့မှာ ဂိမ်းစွဲလမ်းမှုပြဿနာကိုပါ ရင်ဆိုင်နေကြရပြီ ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဂိမ်းအလွန်အကျွံစွဲလမ်းခြင်းကို ရောဂါတစ်ရပ်အဖြစ် ၂၀၁၈ ခုနှစ်အတွင်းက စာရင်းသွင်းခဲ့သည်။“တန်ဆေး၊ လွန်ဘေး” ဆိုသည့် ဆိုရိုးစကားအတိုင်း ဗီဒီယိုဂိမ်းကစားခြင်းတွင် အကောင်းအဆိုး ဒွန်တွဲနေပြီး အလွန်အကျွံကစားမှုများကြောင့် ဆိုးကျိုးများ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

ယနေ့ခေတ်တွင် လူကြီး၊လူငယ်များသာမက ကလေးငယ်များပါ ဗီဒီယိုဂိမ်း ကစားလာကြသည်ကို တွေ့ရှိရသည်။ဗီဒီယိုဂိမ်းများသည် ကလေးငယ်များကို သိမှုစွမ်းရည်များ မြှင့်တင်ပေးခြင်း၊လက်နှင့် မျက်လုံးတို့၏ ပူးပေါင်းလုပ်ဆောင်စွမ်းရည်ကို မြှင့်တင်ပေးခြင်း၊ လျင်မြန်စွာ တွေးခေါ်နိုင်ခြင်း၊ ပြဿနာဖြေရှင်းမှုစွမ်းရည် မြှင့်တင်ပေးခြင်းများရှိသလို ဆိုးကျိုးများစွာကိုလည်း ပေးသည်ကို တွေ့ရပါသည်။

ဂိမ်းစွဲလမ်းမှုအကြောင်း

လူတစ်ယောက်ဂိမ်းစွဲလမ်းသောအခါ သူ၏ပေါင်းသင်းဆက်ဆံရေးနှင့် ဘဝရည်မှန်းချက်များ တဖြည်းဖြည်း ပျက်ပြားလာမည်ဖြစ်ပါသည်။သတိပြုသင့်သည့် ဂိမ်းစွဲလမ်းမှုလက္ခဏာများမှာ-

- ဂိမ်းကစားသည့် အချိန်အတိုင်းအတာ တဖြည်းဖြည်းများလာခြင်း
- အခြားလုပ်ငန်းဆောင်တာများ ဆောင်ရွက်နေစဉ် ဂိမ်းအကြောင်းတွေးမိနေခြင်း
- လက်တွေ့ဘဝတွင် ရင်ဆိုင်နေရသည့် ပြဿနာများ၊ စိုးရိမ်ပူပင်မှု၊စိတ်ဓာတ်ကျဆင်းမှုတို့မှ လွတ်မြောက်ရန် ဂိမ်းကစားခြင်း
- ဂိမ်းကစားမှုကို ဖုံးကွယ်ရန် သူငယ်ချင်းမိတ်ဆွေများ၊ မိသားစုဝင်များကို လိမ်ညာခြင်း
- ဂိမ်းကစားခြင်းကို လျှော့ချဖို့ကြိုးစားတိုင်း နေမထိထိုင်မသာဖြစ်ခြင်း စသည့်လက္ခဏာများ တွေ့ရပါမည်။

လူအများ ဗီဒီယိုဂိမ်းကစားရသည့် အကြောင်းအရင်းများစွာ ရှိပါသည်။ကွန်ပျူတာနှင့် ဗီဒီယိုဂိမ်းကစားသည့်အခါ မိမိတို့၏ ပင်ကိုမူလပုံစံနှင့် မတူကွဲပြားစွာ ပြုမူနိုင်ပါသည်။ငြိမ်ငြိမ်သက်သက်နေတတ်သော ကလေးတစ်ယောက်သည် ရန်လိုကြမ်းတမ်းလာနိုင်သကဲ့သို့ ရှက်ကြောက်တတ်သော ကလေးတစ်ယောက်သည်လည်း ရုတ်တရက် အပေါင်းအသင်း မက်လာနိုင်ပါသည်။

ဒုတိယအချက်မှာ မိမိတို့၏ နေ့စဉ်ဘဝတွင် စွမ်းအားမရှိသကဲ့သို့ ခံစားနေရသည့် လူငယ်များသည် ဂိမ်းကစားခြင်းအားဖြင့် မိမိတို့စိတ်ကြိုက်ကားမောင်းနိုင်၊ ပစ်ခတ်တိုက်ခိုက်နိုင်သလို လက်တွေ့ဘဝအပေါ် သက်ရောက်မှုမရှိဘဲ ကိုယ်ပိုင်စိတ်ကူးယဉ်ကမ္ဘာထဲ ဗြောင်းဆန်အောင် ပေါက်ကွဲပစ်နိုင်သော အခွင့်အရေး အလိုအလျောက်ရရှိမည်ဖြစ်ပါသည်။

တတိယအချက်မှာ ဆယ်ကျော်သက်လူငယ်များအနေဖြင့် လက်တွေ့ဘဝတွင် မိတ်ဆွေအပေါင်းအသင်းဖွဲ့ရန် ခက်ခဲလာခြင်းပင် ဖြစ်ပါသည်။ဗီဒီယိုဂိမ်းများထဲတွင် တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းဆိုင်ပြောဆိုဆက်ဆံစရာမလိုဘဲ စိတ်ကူးယဉ်ကမ္ဘာထဲတွင် အလွယ်တကူ အပြန်အလှန် ဆက်သွယ်နိုင်ပါသည်။

ဂိမ်းစွဲလမ်းမှု လက္ခဏာများ

ကျောင်းမတက်ရသော အချိန်အများစုကို ကွန်ပျူတာဂိမ်း၊ဗီဒီယိုဂိမ်းကစားပြီး ကုန်လွန်စေခြင်း၊ ကျောင်းတွင် တစ်ချိန်လုံး အိပ်ပျော်နေခြင်း၊ ကျောင်းသင်ခန်းစာများ နောက်ကျကျန်နေခြင်း၊ အဆင့်၊ရမှတ်များ ကျဆင်းလာခြင်း၊ ဂိမ်းကစားခြင်းနှင့်ပတ်သက်ပြီး လိမ်ညာပြောဆိုခြင်း၊သူငယ်ချင်းအပေါင်းအသင်းများနှင့်တွေ့မည့်အစား ဂိမ်းကစားခြင်း၊ လူမှုရေးအသင်းအဖွဲ့အုပ်စုများတွင် မပါဝင်တော့ခြင်း၊ဂိမ်းမကစားရလျှင် စိတ်တိုလွယ်ခြင်း စသည့်လက္ခဏာများကို တွေ့ရပါမည်။

ကလေးငယ်များ ဂိမ်းစွဲလမ်းမှုကြောင့် ရရှိလာနိုင်သည့်ဆိုးကျိုးများ

ကလေးငယ်များသည် ဂိမ်းကစားခြင်းမှာသာ အာရုံရောက်နေသောကြောင့်ကလေးငယ်၏ကျောင်းရှိလုပ်ဆောင်ချက်များမှာ ကျဆင်းလာသည်ကို တွေ့ရပါသည်။ လေ့လာတွေ့ရှိချက်များမှာ ကလေးများ ဂိမ်းကစားလွန်ခြင်းသည် ဘဝ၏အောင်မြင်မှုများကိုပါ ထိခိုက်နိုင်ကြောင်း တွေ့ရပါသည်။

ကလေးငယ်များသည် ပစ်ခတ်တိုက်ခိုက်နေရသော ဂိမ်းကစားခြင်းကြောင့် ကလေးငယ်များ၏ စိတ်နေစိတ်ထားအပြောင်းအလဲများကိုလည်း တွေ့လာရပါသည်။

ကလေးငယ်များသည် ဒေါသထွက်လွယ်ခြင်း၊ သည်းခံစိတ်နည်းပါးခြင်းနှင့် အကြမ်းဖက်လိုစိတ်ရှိခြင်းများကို လေ့လာချက်များတွင် တွေ့ရပါသည်။ ကလေးငယ်၏ လူမှုပေါင်းသင်းဆက်ဆံရေးတွင်ပါ လွမ်းမိုးမှုရှိသည်ကို တွေ့ရပါသည်။

ကလေးငယ်များ ဂိမ်းစွဲလမ်းမှုဖြစ်လာပါက မကစားရမနေနိုင်ခြင်းကိုလည်း တွေ့လာရပါသည်။ ကလေးငယ် ဂိမ်းစွဲနေပါက နောက်ဆက်တွဲရောဂါများဖြစ်သည့် စိုးရိမ်စိတ်များခြင်း၊ အိပ်မပျော်ခြင်း၊တစ်ကိုယ်တည်း အထီးကျန်ခြင်း၊စိတ်ညှိုးနွမ်းခြင်းတို့ကိုပါ ဖြစ်စေနိုင်ပါသည်။

ဂိမ်းအလွန်အကျွံကစားခြင်းကြောင့် ကလေးငယ်များ၏ကျန်းမာရေးအပေါ် ထိခိုက်မှုများလည်း ရှိပါသေးသည်။ဂိမ်းကစားချိန်များပြားခြင်းကြောင့် ခန္ဓာကိုယ်လှုပ်ရှားမှုမရှိသောကြောင့် ကလေးငယ်များမှာ အဝလွန်ခြင်း ဖြစ်ရပါသည်။ တစ်ခါတစ်ရံတွင် ကလေးငယ်များသည် အစားပျက်၊အအိပ်ပျက် ဂိမ်းဆော့တတ်ကြပါသည်။ထိုသို့ ကစားခြင်းများကြောင့် လိုအပ်သောအာဟာရဓာတ်မရရှိဘဲ ကလေးငယ်၏ အမြင်အာရုံကို ထိခိုက်ခြင်း၊ကိုယ်ခံစွမ်းအား ကျဆင်းခြင်းများပါ ဖြစ်နိုင်သည့်အတွက် မိဘများ အနေဖြင့် ကလေးငယ်များ ဂိမ်းအလွန်အကျွံဆော့ခြင်းကို တားမြစ်သင့်ပါသည်။

ကျန်းမာရေးပြဿနာများ

လူငယ်လူရွယ်များအနေဖြင့် ဂိမ်းကစားခြင်းကြောင့် ခေါင်းကိုက်ခြင်း၊မျက်သားခြောက်ခြင်း၊ လက်ကောက်ဝတ်အာရုံကြောညပ်ခြင်း၊ ခါးနာခြင်း၊ လည်ပင်းနာခြင်း၊ကောင်းမွန်စွာ မအိပ်စက်နိုင်ခြင်း၊ အစားအသောက် မမှန်ခြင်း၊တစ်ကိုယ်ရေသန့်ရှင်းမှုကို လျစ်လျူရှုခြင်း စသည့်ကျန်းမာရေးပြဿနာများကိုပါ ကြုံတွေ့ရနိုင်ပါသည်။

စွဲလမ်းသည့်ဂိမ်းအမျိုးအစားပေါ်မူတည်ပြီး ဖြစ်လာနိုင်သော နောက်ဆက်တွဲရလဒ်များ အမျိုးမျိုးကွဲပြားနိုင်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများ၏ ပြင်းထန်မှုမှာလည်း ဂိမ်းစွဲလမ်းမှု အတိုင်းအတာနှင့် ဆက်စပ်နေပါသည်။ကျန်းမာရေး အခံမကောင်းသူဆိုပါက ဂိမ်းစွဲလမ်းမှု၏နောက်ဆက်တွဲဆိုးကျိုးများကို စောစောစီးစီးခံစားရနိုင်ခြေရှိသည်ကို သတိပြုသင့်ပါသည်။

ဂိမ်းအလွန်အကျွံကစားခြင်း၏ ရလဒ်များ

ကလေးငယ်များနှင့် လူငယ်လူရွယ်များ ဗီဒီယိုဂိမ်းကို အလွန်အကျွံကစားကြခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့ ထိခိုက်ဆုံးရှုံးမှုများ ရှိလာသည်။ကမ္ဘာတွင် ဗီဒီယိုဂိမ်းထုတ်လုပ်သည့် လုပ်ငန်းများမှာ တစ်နေ့ထက်တစ်နေ့ တိုးတက်ကြီးထွားနေပြီး ဂိမ်းအမျိုးအစားပေါင်းများစွာကို မရေမတွက်နိုင်အောင် ထုတ်လုပ်ကာ ကော်ပီအရေအတွက် ဘီလီယံပေါင်းများစွာ ကမ္ဘာတစ်ခွင်သို့ ရောင်းချနေကြခြင်းဖြစ်သည်။ ယင်းအနက် သုံးပုံတစ်ပုံခန့်မှာ ပစ်ခတ်တိုက်ခိုက်သတ်ဖြတ်မှုများနှင့် လှုပ်ရှားမှု၊ စွန့်စားမှုဂိမ်းများ ဖြစ်သည်ဟု ဆိုသည်။ အဆိုပါ ဂိမ်းများကို စွဲစွဲလမ်းလမ်းကစားကြခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာကြမ်းတမ်းလာပြီး ရန်လိုအကြမ်းဖက်လာကြသည်။ တိုက်ခိုက်သတ်ဖြတ်မှုများနှင့် ယဉ်ပါးလာကြသည်ဟူ၍ ဝေဖန်သုံးသပ်မှုများလည်း ရှိလာသည်။ သုတေသနပြုချက်များအရ ဂိမ်းအလွန်အကျွံကစားသူများတွင် မလိုလားအပ်သော စွဲလမ်းမှုများနှင့် ဦးနှောက်လုပ်ဆောင်ချက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်ဟု ဆိုသည်။ လောင်းကစားစွဲခြင်း၊အရက်စွဲခြင်း၊မူးယစ်ဆေးစွဲခြင်းတို့ကဲ့သို့ပင် ဂိမ်းစွဲလမ်းခြင်းကြောင့် လူငယ်လူရွယ် အိမ်ထောင်ဖက်များ ကွာရှင်းကြသည့် ဖြစ်စဉ်များစွာရှိကြောင်းလည်း သတင်းများတွင် တွေ့ရှိရသည်။

ဂိမ်းစွဲလမ်းမှုကို ဖြတ်နိုင်သည့်နည်းလမ်းများ

ယခုနောက်ပိုင်းတွင် ဂိမ်းဆော့ရတာ ပိုလွယ်လာပါသည်။ လူတိုင်းနီးပါးတွင် ဖုန်းကိုယ်စီရှိကြသည်မို့ ဖုန်းထဲတွင် ဂိမ်းများထည့်သွင်းထားပြီး ဆော့ကြသည်။အချိန်ကုန်သည့် ရိုးရိုးဂိမ်းများရှိသလို အချိန်ရောင်ပေါကုန်သည့် လောင်းကစားဆန်ဆန် ဂိမ်းများလည်း ရှိပါသည်။

အဆိုပါ ဂိမ်းများကို စွဲလမ်းနေမိပြီး ငွေကုန်၊ အချိန်ကုန်၊ အိပ်ရေးပျက်၊ စီးပွားပျက်နှင့် လူကို ဒုက္ခပေးနေပြီဆိုပါက အချိန်မီဖြတ်နိုင်သည့် နည်းလမ်းများကို လုပ်ဆောင်သင့်ပါသည်။

(၁) ချက်ချင်းဖြတ်လိုက်တာမျိုး မလုပ်နိုင်လျှင် ဂိမ်းဆော့ချိန်ကို ဖြည်းဖြည်းချင်းလျှော့ချသွားပါ။ ကန့်သတ်ထားသောအချိန်စေ့တာနှင့် လက်စသတ်ဖို့ ကြိုးစားပါ။ မိမိကိုယ်တိုင်က မထိန်းနိုင်လျှင် မိမိအိမ်မှ အိမ်သားတစ်ယောက်ယောက်ကို အချိန်မှတ်ပေးဖို့ အကူအညီတောင်းပါ။ ငွေပေးပြီး ဆော့ရသော ဂိမ်းများဆိုလျှင်လည်း ငွေဘယ်လောက်ရှုံးလျှင်တော်ပြီဆိုပြီး ကန့်သတ်ပြီးမှ ဆော့ပါ။ ထိုကဲ့သို့ တစ်ဆင့်ချင်းစီ လျှော့ချပြီး ဖြည်းဖြည်းချင်းဖြတ်၍ ရပါသည်။

(၂) အချိန်အကြာကြီး ထိုင်မဆော့ပါနှင့်။ တစ်နာရီခြားတစ်ခါလောက် ခဏနားပါ။ အညောင်းပြေ အညာပြေလမ်းလျှောက်ပါ။ အကြောဆန့်ပါ။ ကာယလေ့ကျင့်ခန်းလုပ်ပါ။

(၃) ဂိမ်းအဆော့များသောအချိန်များကို မှတ်ထားပြီး ယင်းအချိန်များတွင် ဖုန်းကို (သို့မဟုတ်) ဂိမ်းစက်ကို သေ့ခတ်သိမ်းထားလိုက်ပါ။ သေ့ကို အိမ်သားတစ်ယောက်ယောက်ကို ပေးထားပြီး သတ်မှတ်အချိန်ရောက်မှ သေ့ပြန်ပေးရန်နှင့် အချိန်မစေ့သေးဘဲ ကြားထဲတွင် သေ့လာတောင်းပါက မပေးဖို့ ကြိုပြောထားပါ။

(၄) ဂိမ်းမဆော့ဖြစ်အောင် မိမိ၏ တစ်နေ့တာ အချိန်များကို အားလပ်ချိန်မရှိအောင် အစီအစဉ်ချထားပါ။ ကိုယ်ဝါသနာပါသော အခြားလုပ်ငန်းများ ဥပမာ- ဂစ်တာတီးခြင်း၊ ပန်းချီဆွဲခြင်း၊ ဥယျာဉ်ပန်းပျိုးခြင်း၊ ဘောလုံးကန်ခြင်းတို့ကို အချိန်ပိုပေးပါ။ဝါသနာအသစ်များကို ရှာပါ။ ဥပမာ- ဂစ်တာတီးတာ ဝါသနာပါပြီး မတီးတတ်သေးဘူးဆိုပါက ဂစ်တာတီးသင်တန်းတက်ပါ။တစ်နေ့တာလုံးတွင် ပျင်းစရာအချိန်မရှိအောင် စိတ်ဝင်စားစရာ အလုပ်များနှင့်ပြည့်နေပါက ဂိမ်းဘက်သို့ အာရုံနည်းသွားပါလိမ့်မည်။

(၅) တလွဲ မာနများကို လျှော့ပါ။ ဂိမ်းဆော့လျှင် ပြိုင်ဘက်ကို ရှုံးသွားခြင်း(သို့မဟုတ်)ငွေများဆုံးရှုံးသွား၍ အနိုင်ပြန်ရအောင် မာနနှင့် ထပ်ဆော့ခြင်းမျိုးကို သတိနှင့်ထိန်းပါ။ သောက်လေသောက်လေ ငတ်မပြေ၊ ရှုံးလေဆော့လေ များများရှုံးလေ များများဆော့လေနှင့် သံသရာလည်နေတတ်ပါသည်။

(၆) လေ့ကျင့်ခန်းလုပ်ပါ။ လေ့ကျင့်ခန်းလုပ်ခြင်းသည်လည်း စိတ်ဖိအားများကိုလျှော့စေပြီး အာရုံပြောင်းစေနိုင်သည့်အတွက် ဂိမ်းစွဲခြင်းကို လျှော့ကျစေပါသည်။ဂိမ်းဆော့ချင်စိတ်ပေါက်လာတိုင်း ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးသည့် အနေနှင့် ထပြေးတာမျိုး၊ ဒိုက်ထိုးတာမျိုးလုပ်ပါ။ သို့မဟုတ် စိတ်ပြောင်းသွားအောင် ရေချိုးလိုက်ပါ။ သွားတိုက်လိုက်ပါ။

(၇) ဂိမ်းဆော့ချင်စိတ်ပေါက်လာတိုင်း စိတ်ကို ငြိမ်ငြိမ်ထားပြီး တရားထိုင်ပါ။ ဖြစ်ပေါ်လာသော ဂိမ်းကစားချင်စိတ်များကို သတိနှင့် စောင့်ကြည့်ပြီး ပေါ်လာသောစိတ်များကို တဏှာလား၊ လောဘလား၊ ဒေါသလား ခွဲခြမ်းစိတ်ဖြာပြီး ရှုမှတ်ပါ။

(၈) လောင်းကစားဂိမ်းများကို မဆော့ခင် မျက်လုံးကို မှိတ်ပြီး ယခုလို ဆက်ဆော့နေရင်း စည်းစိမ်ပြုတ်သွားလျှင်၊ ကြွေးသံသရာထဲ ရောက်သွားလျှင် ဖြစ်လာနိုင်မည့် အဆိုးရွားဆုံးဒုက္ခများကို မြင်ယောင်ကြည့်ပါ။ သူတောင်စားပဲဖြစ်မလား၊ ကြွေးရှင်နှိပ်စက်၍ ဒုက္ခိတပဲဖြစ်မလား၊ မိသားစုဆွေမျိုးများ၏ စွန့်ပယ်မှုကိုခံရမလား စသည်ဖြင့် မြင်ယောင်ကြည့်ပါ။

(၉) ငွေထည့်ပြီးမှ ဆော့လို့ရသော ဂိမ်းများအတွက် လွယ်လွယ်ကူကူ ငွေထည့်၍ မရအောင် စီစဉ်ထားပါ။ ဘဏ်ကတ်များကို သော့ခတ်ထားပါ။ password (စကားဝှက်)ဖြင့် ငွေသွင်းရမည်ဆိုလျှင် စိတ်ချရသည့် အိမ်သားတစ်ယောက်ကို ကိုယ်မသိနိုင်သည့် password အသစ်တစ်ခု ပြောင်းခိုင်းထားလိုက်ပါ။

(၁၀)မိမိကဲ့သို့ ဂိမ်းစွဲပြီး ဂိမ်းဖြတ်ချင်နေသူများနှင့် အုပ်စုဖွဲ့ထားပါ။ အချင်းချင်း အားပေးပါ။ ဂိမ်းဖြတ်ရန် နည်းလမ်းကောင်းများကို မျှဝေပါ။

(၁၁) အပေါ်က အချက်များနှင့် ကြိုးစားကြည့်လို့မှ ဂိမ်းစွဲခြင်းကို မဖြတ်နိုင်သေးဘူးဆိုပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်များဆီတွင် အကြံဉာဏ်တောင်းပြီး အကူအညီယူဖို့ လိုပါပြီ။ ဂိမ်းစွဲခြင်း၊ လောင်းကစားစွဲခြင်းများကို ဖြတ်ဖို့ စိတ်ပညာနည်းကုထုံးများ၊ ဆေးပညာနည်းကုထုံးများ ရှိပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဂိမ်းကစားခြင်းသည် အထက်တွင်ဆိုခဲ့သည့်အတိုင်း အကောင်းနှင့် အဆိုးဒွန်တွဲလျက်ရှိရာ ဂိမ်းကိုစိတ်အပန်းပြေရုံသာ ကစားခြင်းသည် ဦးနှောက်ဖွံ့ဖြိုးမှုဖြတ်ထိုးဉာဏ်နှင့် ပင်ကိုအရည်အသွေးတို့ တိုးတက်ကောင်းမွန်လာစေရေးအတွက် အထောက်အကူပြုနိုင်သည်ဟူ၍ ဆိုထားသည်။ ထို့ကြောင့် မိမိအတွက် သင့်တင့်လျောက်ပတ်ကောင်းမွန်သည့် ဂိမ်းအမျိုးအစားကို ရွေးချယ်ကာ နည်းမှန်လမ်းမှန် စည်းကမ်းတကျ ဆော့ကစားခြင်းဖြင့် မိမိအတွက်ကောင်းကျိုး ရလဒ်များကို ရရှိနိုင်မည်သာဖြစ်သည်။

ဗီဒီယိုဂိမ်းကစားခြင်းကို e-sport အားကစားအဖြစ် နိုင်ငံတကာအဆင့်ပြိုင်ပွဲများပင် ကျင်းပလျက်ရှိရာ ကောင်းသည့်ရည်ရွယ်ချက်ဖြင့် ကောင်းသည့်ဘက်သို့ ဦးတည်ကြခြင်းဖြင့် ဂိမ်းအလွန်အကျွံစွဲလမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် မကောင်းသော အကျိုးရလဒ်များကို ရှောင်ရှားနိုင်ကြပါစေကြောင်း လေ့လာရေးသား ဖော်ပြအပ်ပါသည်။ ။



ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

ကိုဗစ်ရောဂါကို ဓမ္မဖြင့်ကျော်ဖြတ်ခြင်း (သို့မဟုတ်) သေမှာမကြောက်လေ အသက်ရှည်

စာရေးသူ မေတ္တာရှင် (ရွှေပြည်သာ) ရေးသားသည့် ကိုဗစ်ရောဂါကို ဓမ္မဖြင့်ကျော်ဖြတ်ခြင်း (သို့မဟုတ်) သေမှာမကြောက်လေ အသက်ရှည် စာအုပ် ထွက်ရှိလာသည်။

စာရေးသူ၏အသက် ၅၉ နှစ်တာ ဓမ္မအတွေ့အကြုံ၊ ဘဝအတွေ့အကြုံအရ ဆိုလျှင် မည်သည့်အချိန်တွင်မဆို အချိန်မရွေး သေရဲသောနေ့သည် ပျော်စရာ အကောင်းဆုံးနေ့ပင်ဖြစ်သည်။ အချိန်မရွေးသေရဲရန်အတွက် တရားကို စာတွေ့၊ လက်တွေ့ အမြဲလေ့လာ အားထုတ်နေရန်လည်း လိုအပ်ပေသည်။

အံ့သြစရာကောင်းသည်ကား သေမှာကြောက်လေ အသက်တိုလေ၊ သေမှာမကြောက်လေ အသက်ရှည်လေ ဖြစ်တတ်ခြင်းသဘောပင်ဖြစ်သည်။

မိမိကိုယ်မိမိ ကြည်ညိုခြင်း၊ အနီးနေများက ကြည်ညိုခြင်း၊ အဝေးနေများက ကြည်ညိုခြင်းဟု သုံးမျိုး ရှိရာတွင် မိမိကိုယ်မိမိ တကယ်ကြည်ညိုခြင်းသည် အရေးကြီးဆုံးဖြစ်သည်။ အနီးနေ၊ အဝေးနေဟူသော သူတစ်ပါးက ကြည်ညိုခြင်းသည် အရေးမကြီးချေ။ သူတစ်ပါးကိုလိမ်ညာ၍ရသော်လည်း မိမိကိုယ်မိမိ လိမ်ညာ၍မရသောကြောင့်ဖြစ်သည်။

အကုသိုလ်မှန်သမျှ မပြုလုပ်ဘဲ ရှောင်ကြဉ်ခြင်း၊ ကုသိုလ်မှန်သမျှ အကုန်လုပ်ခြင်း၊ ယူဖို့မစဉ်းစားဘဲ ပေးဖို့သာစဉ်းစားပြီး စိတ်ကိုဖြူစင်အောင်ထားခြင်းတို့သည် မိမိကိုယ်ကိုမိမိ တကယ်ကြည်ညိုအောင်နေခြင်းပင်ဖြစ်သည်။ မိမိကိုယ်ကိုမိမိ တကယ်ကြည်ညိုအောင်နေခြင်းသည် မိမိဘဝကို မိမိ၏စိတ်ဓာတ်နှင့် လုပ်ရပ်အပေါ် တည်ဆောက်ခြင်းပင်ဖြစ်သည်။ ထိုသူမျိုးသည်သာ နေလည်းပျော်၊ သေလည်းပျော်သော တည်ငြိမ်အေးချမ်းသောဘဝကို ရရှိမည်ဖြစ်သည်။

စာအုပ်ကို ရွှေပြည်သာစာပေ ဖုန်း-၀၉-၇၉၄၁၀၂၁၂ နှင့် ၀၉-၄၄၃၃၅၉၀၆၀ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။



အမှတ်တရ အမေရိက

စာရေးသူ ဆောင်းဝင်းလတ် စီစဉ်ရေးသားသည့် အမှတ်တရ အမေရိက စာအုပ် ထွက်ရှိလာသည်။

အမေရိကန်နိုင်ငံတော်တံဆိပ်က ခပ်ဆန်းဆန်းပင်ဖြစ်သည်။ လင်းယုန်ငှက်တစ်ကောင်၏ ခြေထောက်တစ်ဖက်တွင် ငြိမ်းချမ်းရေးသင်္ကေတအဖြစ် သံလွင်ခက်တစ်ခက်ကို တွေ့မြင်ရသည်။ ခြေထောက်တစ်ဖက်တွင် ပြည်နယ် ၁၃ ခုကို ကိုယ်စားပြုသည့် မြားတံ ၁၃ ချောင်းပါရှိသော မြားတစ်စည်းရှိသည်။ လင်းယုန်ငှက်၏ ရင်ဘတ်ပေါ်တွင် အဖြူနှင့် အနီစင်းများပါရှိသော ဒိုင်းတစ်ခု ကာရံထားသည်။

လင်းယုန်ငှက်၏နှုတ်သီးထဲတွင် စုပေါင်းဖွဲ့စည်း တစ်နိုင်ငံတည်းဟု အဓိပ္ပာယ်ရသည့် လက်တင်ဘာသာစကားပါသော ဖဲကြိုးပြားလေးကို ကိုက်ချီထားသည်။ လင်းယုန်ငှက်၏ ဦးခေါင်းပေါ်တွင် ကြယ် ၁၃ ပွင့်ပါသော နက္ခတ်တစ်ခုရှိသည်။ နိုင်ငံတော်တံဆိပ်၏ အနောက်ဘက်တွင် တည်မြဲခြင်းသင်္ကေတအမှတ်အသား ပိရမစ်ပုံကိုတွေ့ရသည်။

သူတို့နိုင်ငံ၏ထုံးစံအရ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက နိုင်ငံတော်တံဆိပ်ကို ထိန်းသိမ်းထားရ၏။ အရေးကြီးစာချုပ်စာတမ်းများပေါ်တွင် ဥပဒေအရ နိုင်ငံတော်တံဆိပ်ကို ခတ်နှိပ်ရ၏။ အဆိုပါ နိုင်ငံတော်တံဆိပ်ပုံကို နိုင်ငံတကာရှိ အမေရိကန်သံရုံးများ၊ ကောင်စစ်ဝန်ရုံးများ၏ ဝင်ပေါက်(Gates) များပေါ်တွင် တပ်ဆင်ထားသည်။ တံဆိပ်တော်၏ရှေ့၊ နောက် နှစ်ဖက်စလုံးပုံကို တစ်ဒေါ်လာတန် ငွေစက္ကူနောက်ကျောဘက်တွင်လည်း တွေ့မြင်ရသည်။

အမေရိကန်ဒေါ်လာငွေစက္ကူများနှင့် ငွေဒင်္ဂါးများပေါ်တွင် နိုင်ငံတော်ဆောင်ပုဒ်တစ်ခုကိုပါ ထည့်သွင်းခတ်နှိပ်ကြပြန်သည်။ “In God We Trust” “ဘုရားသခင်ကို ကျွန်ုပ်တို့ အကြွင်းမဲ့ယုံကြည်ပါ၏” ဟု ရိုက်နှိပ်ခဲ့ကြသည်။

စာအုပ်ကို အကြီးကိုကိုစာပေ အမှတ်(၂၅၇) အေးစေတီရပ် မြစ်ကြီးနားမြို့ ဖုန်း-၀၉ ၂၄၀၁၆၃၃ နှင့် ၀၉-၇၈၀၆၈၅၅၇၈ တို့မှ တန်ဖိုးငွေကျပ် ၈၅၀၀ ဖြင့် ဖြန့်ချိသည်။

ဗိုလ်တထောင်မင်းသမီး မြနန်းနွယ်

စာရေးသူ မင်းခေါင် စီစဉ်ရေးသားသည့် ဗိုလ်တထောင်မင်းသမီး မြနန်းနွယ်စာအုပ် ထွက်ရှိလာသည်။

ထိုဝတ္ထုရေးနေစဉ်ကာလများတွင် စာရေးသူသည် အိပ်မက်များစွာမက်လေ၏။ အိပ်မက်ထဲ၌ မရောက်ဖူးသောဒေသများ၊ ထူးဆန်းသောနေရာများနှင့် အပြင်လောက၌ ကျွန်ုပ်မမြင်ဖူး မတွေ့ဖူးသော ဘုရားစေတီများ ရှိရာနေရာသို့ မကြာခဏ ရောက်ရဖူးရလေသည်။

ဤဝတ္ထုကိုရေးနေသည့်အချိန်ကာလများတွင် ပရလောကနှင့် ထူးခြားသည့် မြင်အပ် မမြင်အပ်သောလောကမှ ပုဂ္ဂိုလ်များသည် ကျွန်ုပ်၏အနီးသို့ မကြာခဏာရောက်ရှိလာတတ်လေသည်။ သူတို့ရောက်ရှိကြောင်းကို ထူးခြားသည့် အမွှေးရနံ့များနှင့် ဆိုးရွားသည့်အနံ့မျိုးစုံဖြင့် အသိပေးတတ်လေသည်။ ထိုသို့ ထူးခြားသောအကြောင်းများနှင့် အိပ်မက်များကြောင့် ကျွန်ုပ်သည် ရွှေတိဂုံဘုရား၊ ဗိုလ်တထောင်ဘုရား၊ အစ်မတော်မြနန်းနွယ်၏ နန်းဆောင်နှင့် ကန်တော်မင်ပန်းခြံရှိ ကန်တော်မင် ညီအစ်မသိုက်နန်း၊ ပဲခူးမြို့ အင်းတကော် ကျိုက်သီရိဓမ္မသိုက်ဘုရားအနီးရှိမြနန်းနွယ်စံကျောင်း၊ ပဲခူးမြို့ရှိ ရွှေမော်ဓောဘုရားကြီးနှင့် မဟာစေတီဘုရားကြီးတို့ကိုလည်း အကြိမ်ကြိမ်ရောက်ရှိခဲ့လေသည်။ ဤဝတ္ထုကိုရေးနေစဉ်ကာလ ကြုံခဲ့ရသည့် တချို့သောအဖြစ်အပျက်များသည် ထူးခြားလှ၍ ကျွန်ုပ်အား ရူးသည်ဟု ထင်မှတ်မည်စိုးကာ မည်သူ့ကိုပင်မျှ မပြောဝံ့ခဲ့သောအချိန်များပင် ရှိခဲ့ဖူးလေသည်။

စာအုပ်ကို ရှင်မတောင်စာပေ အမှတ် (၂၁၉) လမ်း(၄၀) အလယ် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၇၇၁၃၉၄၇၇ နှင့် ၀၉-၇၆၀၄၆၈၁၃၈ တို့မှ တန်ဖိုးငွေကျပ် ၆၅၀၀ ဖြင့် ဖြန့်ချိသည်။



ဖေဖေပြောတဲ့ ဘဘအကြိုက်

စာရေးသူ ဇေယျာပိုင်ရွှေ (ပခုက္ကူ) စီစဉ်ရေးသားသည့် ဖေဖေပြောတဲ့ ဘဘအကြိုက် စာအုပ် ထွက်ရှိလာသည်။

ကျေးရွာ၏ ဓလေ့ထုံးစံအတိုင်း လကွယ်နေ့ဆုံးသောသူများကို ချက်ချင်းသင်္ဂြိုဟ်ရသည်။ လကူး၊ နေ့ကူးရင် ရွာနာသည်တဲ့။

သိပ်မကြာ မီးခွက်များဖြင့် ဆွေမျိုးတွေရောက်လာကြသည်။ ခေါင်းချင်းရိုက်ချိန်ပင်မရ။ ဗျာဖြင့်လိပ်ပတ်ကာ ရွာသုသာန်ကို သယ်သွားကြသည်။ သုသာန်ရောက်တော့ ဘကြီးတောက်ထိန်တို့က အဖေ့အလောင်းကို မြေမမြှုပ်မီ အသည်းတွေ ရှိ-မရှိ သိအောင်လို့ရင်ခွဲကြည့်မယ်တဲ့။ မိမိကလည်း နေပါစေဘကြီးတို့ရယ်၊ အဖေ့ရဲ့ နောက်ဆုံးခရီးကို ပုံမပျက်ဘဲ သွားပါစေ မလုပ်ကြပါနဲ့ဗျာဟု တားရသည်။ မိမိအနေနှင့် အမေကြီးပြောစကားတွေကို ပြန်လည်ကြားယောင်မိသည်။ လူလေးပိုင်ရွှေ မင်းအဖေက လူကြီးသူမတွေရဲ့ ဆုံးမသြဝါဒတရားတွေကို လိုက်နာစဉ်တုန်းက လျှမ်းလျှမ်းတောက် လူတော်တစ်ယောက်ဖြစ်ခဲ့တယ်။ အခု ဆုံးမသြဝါဒတရားတွေကို ဥပေက္ခာပြုလိုက်တော့ ဘဝအဆုံးသတ် လှမသွားရှာတော့ဘူးကွဲ့။ သံသရာကြောမှာပါ ဒုက္ခများပြီပေါ့။ ဒါကြောင့် လူလေး သင်ခန်းစာယူပါ။ မင်းအဖေက သူ့ဘဝနဲ့ရင်းပြီးတော့ မင်းတို့တွေကို ပညာပေးသွားတာပဲ လူလေးတဲ့။ “ငါ ဘယ်တော့မှ အဖေ့လို အဖြစ်မခံနိုင်ဘူး။ ငါဘယ်တော့မှ အဖေ့လို ဘဝကို အရှုံးနဲ့ပြန်မသွားဘူး။ ငါ ဘယ်တော့မှ အဖေ့လို ဒီအရက်ကို မသောက်ဘူး။ မကြိုက်ဘူး။ ဒါဟာ ငါ့ကို ဘယ်သူမှမတိုက်တွန်းတဲ့ ငါ့ရဲ့ ကတိသစ္စာပဲလို့ ခိုင်မာစွာသန္နိဋ္ဌာန်ချတော့သည်။

စာအုပ်ကို ရှင်မတောင်စာပေ အမှတ် (၂၁၉) လမ်း (၄၀) (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၇၇၁၃၉၄၇၇ နှင့် ၀၉-၇၆၀၄၆၈၁၃၈ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။

❍ မန်စီးတီးအသင်းမှ

တောင်ပံကစားသမား မာရက်ဇီဟာ မန်စီးတီးအသင်းနဲ့အတူ ဘောလုံးရာသီ ငါးရာသီအတွင်း အဓိကဆုဖလား ၁၀ လုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဆော်ဒီအာရေဗျ ကလပ်အသင်းတွေဟာ အခု အပြောင်းအရွှေ့ကာလအတွင်းမှာ ဘင်ဇီမာ၊ ကန်တီ၊ ရူဘင်နီဗက်၊ ဂျော်ဒန်ဟန်ဒါဆန်စတဲ့ ကစားသမားတွေကိုလည်း ခေါ်ယူထားတာဖြစ်ပါတယ်။

ငွေကြေယ်

❒ MNL ပြိုင်ပွဲမှ

ပွဲကစားချိန် ၁၉ မိနစ်မှာပင် ရတနာပုံအသင်းမှ နောင်နောင်စိုး ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် ဒဂုံစတားအသင်း ဂိုးစတင်ရရှိပြီး ၃၈ မိနစ်တွင် မင်းမြတ်စိုးက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး မိနစ် ၆၀ တွင် မိုးဆွေက ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားအသင်း တိုက်စစ်ကစားသမား ဆွမ်လမန်က ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားအသင်းနှင့် ရတနာပုံအသင်းတို့ ၁၄ ပွဲကစား ရမှတ် ၁၇ မှတ်စီ ရရှိထားသည်။

ဇူလိုင် ၃၁ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်၊ YUSC ကွင်း၌ အား/ကာသီပွံ့အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL

❍ ကျောဖုံးမှ

မင်းခန့်၊ ရှိုင်းထက်အောင်၊ လပိုင်ဇော်လွန်း၊ ဝေဇင်ဦး၊ ညိမ်းမင်းစိုး၊ ထွဋ်ဝေထွန်း၊ မျိုးသက်အောင်၊ ကိုကိုလွင်၊ နိုင်လင်းထွန်းကျော်၊ အောင်ဇင်ဦး၊ လှိုင်မင်းထွန်း၊ ကိုရဇူ၊ သက်နောင်၊ ဇော်ဖြိုးဦးတို့ ပါဝင်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလား ဖူဆယ်ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ပဏာမကစားသမား ၂၄ ဦးအနက် ၁၈ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

Continental Futsal Championship 2023 ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(ခ)တွင် အိမ်ရှင်ထိုင်းအသင်း၊ ဆော်လမွန်ကျွန်းစုအသင်းတို့နှင့် ကျရောက်နေသည်။

Continental Futsal Championship 2023 ပြိုင်ပွဲ၏ အုပ်စုအဆင့်ပွဲစဉ်များကို သြဂုတ် ၇ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် သြဂုတ် ၇ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းအသင်း၊ သြဂုတ် ၈ ရက် မြန်မာစံတော်ချိန် ၇ နာရီတွင် ဆော်လမွန်ကျွန်းစုအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MFF

ပဲခူးမြစ်ရေ ပဲခူးမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၉

ယနေ့ ည ၈ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ပုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒပုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒပုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒကျိုဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ အလှူငွေများထည့်ဝင်လှူဒါန်းစာရင်းပေးထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

စဉ်	အမည်	အလှူငွေ (ကျပ်)
၁၄၇။	ဦးရန်အောင်စိုးမိသားစု(Myanmar Mahogany Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၄၈။	ဦးလှိုင်ဝဏ္ဏမိသားစု(Shwe Sin Nann Taw Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၄၉။	ဦးဝင်းသော်မိသားစု(BBB Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၅၀။	ဦးကုဋ္ဌေကျော်မိသားစု (Novel Global Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၅၁။	ဒေါ်စန်းရတနာအောင်မိသားစု(ELE Construction Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၅၂။	ဦးဇော်လင်းအောင်မိသားစု (မော်ကွန်းရွှေကုမ္ဍဏီလီမိတက်)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၅၃။	ဒေါ်သီရိအောင်မိသားစု (We Channel Marketing & Distribution Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၅၄။	ဒေါ်စုစုလှိုင်မိသားစု(Luck Moe Hlaing Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၅၅။	ဒေါ်ယဉ်မင်းသူမိသားစု (Top Standard Engineering & Trading Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၅၆။	ဦးသန့်ဇော်လင်းမိသားစု(Okay Petro Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၅၇။	ဦးသော်ဇင်မောင်မောင်မိသားစု(Good To Go Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၅၈။	ဦးဟိန်းထက်အောင်မိသားစု(သီရိမြင့်မိုရ်ကုမ္ဍဏီလီမိတက်)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၅၉။	ဦးမျိုးမြင့်ဆွေသိန်းမိသားစု(Shwe All Brother Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၆၀။	ဦးသက်ထွန်းမိသားစု(Aung Myin Myay Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၆၁။	ဦးထက်နိုင်မိသားစု(Khar Wa Than Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၆၂။	ဦးအောင်နိုင်ဦးမိသားစု(Golden Roof Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၆၃။	ဦးဝင်းနိုင်ထွန်းမိသားစု(မြန်မာရွှေမေတ္တာကုမ္ဍဏီလီမိတက်)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၆၄။	ဦးကျော်သူဝင်းနိုင်မိသားစု (VENUS ESSENTIAL MYANMAR CO.,LTD)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၆၅။	ဦးဝင်းအောင်ကျော်မိသားစု(Comet Dragon Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၆၆။	ဦးမြတ်ဇင်မိသားစု (KGL Family Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၆၇။	ဦးရဲဇော်အောင်မိသားစု(Aung Thet Tun Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၆၈။	ဦးဇော်မင်းဦးမိသားစု (Takaung Thit Sar Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၆၉။	ဦးကျော်စွာရဲမြင့်မိသားစု (One Pyae Aung Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၇၀။	ဦးအောင်အောင်ဦးမိသားစု (King Morning Star Mining Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၇၁။	ဦးအောင်ကျော်ဆန်းမိသားစု(BHOME YAUNG CHI Business Group) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၇၂။	ဒေါ်ညီမီဆွေမြင့်မိသားစု (Royal Shambella Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၇၃။	ဦးထွန်းအောင်ကြည်မိသားစု (ဓနထွန်းကုမ္ဍဏီလီမိတက်(မိတ်ဖက်))ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၇၄။	Dr.ခင်ဇော်မိသားစု (Isotrade International Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၇၅။	သီဟသုဓမ္မသိရီ ဒေါ်ခင်သီတာမိသားစု(နှင်းသစ္စာကုမ္ဍဏီ)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၇၆။	ဦးရဲမင်းထွန်းမိသားစု(ထွန်းလင်းမြန်မာကုမ္ဍဏီ) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၇၇။	ဦးထက်ဖြူကျော်မိသားစု(Innogen Myanmar Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၇၈။	ဦးဝင်းနိုင်မိသားစု(Globle premier Trader Co.,Ltd (မိတ်ဖက်)) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၇၉။	ဦးမောင်နိုင်မိသားစု(Sky One) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၈၀။	Golden Gate Global Myanmar PTE Ltd မိသားစုကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၈၁။	ထက်မိုးပွင့်မိသားစုကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၈၂။	ဦးလှမောင်မိသားစု(Three One Power Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၈၃။	ဦးဟန်သူလွင်မိသားစု(Salpyar Group Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၈၄။	ဦးကျော်ဌေးမိသားစု(ဆုထူးပန်ကုမ္ဍဏီ)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၈၅။	ဦးမြတ်ထွန်းသစ်မိသားစု(ကောင်းမွန်ကုမ္ဍဏီ)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၈၆။	ဒေါက်တာသန်းထိုက်ရှိန်မိသားစု(နဂါးနီအုပ်စု)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၈၇။	ဦးနေလင်းထိုက်မိသားစု(Linn IT Solution)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၈၈။	ကယားပြည်နယ်အစိုးရအဖွဲ့ ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၈၉။	ဒေါ်စုစန္ဒီအောင်မိသားစု(Myanmar Arr Thit Man Motor Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၉၀။	ဦးအောင်မြင့်မြတ်မိသားစု(MYANMAR AUNG KAUNG KYAW Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၉၁။	ဦးကျော်မျိုးလတ်မိသားစု(Myanmar YAO (MDY))ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၉၂။	ဦးမောင်မောင်မျိုးညွှန့်မိသားစု(Aung Gyi Group Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၉၃။	သုဓမ္မမဏိဇောတရေ ဦးမောင်မောင်နိုင်(ခ) ဦးစန်းသီမိသားစုကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၉၄။	သီရိသုဓမ္မသိရီ ဒေါ်နန်းမြင့်မြင့်ဝင်းမိသားစုကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၉၅။	ဦးကြင်စိန်နှင့်ဇနီး သီရိသုဓမ္မသိရီ ဒေါ်နီနီအေး၊ (သား)မောင်ဂင်ထက်နိုင်၊ (သမီး)မမော်လိလင်း မိသားစုကောင်းမှု (သာသနာ့ဝန်ထမ်းတော်အတွက်လှူဒါန်းခြင်း)	၂၀၀၀၀၀၀
၁၉၆။	ခုင်းပြည်နယ်အစိုးရအဖွဲ့ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၉၇၄၅၀
၁၉၇။	ဦးကျော်ဘုန်းမြင့်မိသားစု(Shwe Poe Kabar Mining Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၈၀၀၀၀၀၀
၁၉၈။	အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးဈိုးသိန်း နှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိရီ ဒေါ်ခင်ချိုအုန်း မိသားစုကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၈၀၀၀၀၀၀
၁၉၉။	မူဆယ်မြို့၊ ဒေသခံပြည်သူများမှ စုပေါင်းကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၆၉၀၀၀၀၀
၂၀၀။	ဦးမြင့်နိုင်စိုးမိသားစု (Myanmar Natural Clover Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၆၀၀၀၀၀၀
၂၀၁။	ဦးသီဟထွန်းမိသားစု (Green Stone Tiger Gems & Jewellery Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၆၀၀၀၀၀၀
၂၀၂။	ဦးမျိုးမင်းဦးမိသားစု(ပုဝံမြန်မာကုမ္ဍဏီလီမိတက်) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၅၀၀၀၀၀
၂၀၃။	ဦးအောင်ကုဋ္ဌေကျော်မိသားစု(Han G Trading Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၅၀၀၀၀၀
၂၀၄။	ဒေါ်စုခိုင်ထွေးမိသားစု(ALPHA GOLD Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၅၀၀၀၀၀
၂၀၅။	ဦးစည်သူမောင်မိသားစု(ထူးအုံ့သာကုမ္ဍဏီလီမိတက်)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၅၀၀၀၀၀
၂၀၆။	ဦးရဲကံဇော်မိသားစု (MIN ZAW GYI Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၅၀၀၀၀၀
၂၀၇။	ဦးပြည့်ဟိန်းထွန်းမိသားစု(ပန်းရိပ်ညိုကုမ္ဍဏီ)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၅၀၀၀၀၀
၂၀၈။	ဒေါ်တင်နှင်းမြို့ချမိသားစု(Significant Myanmar Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၅၀၀၀၀၀
၂၀၉။	ဦးမင်းအေးမိသားစု(Yar Thet Pan Trading Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၅၀၀၀၀၀
၂၁၀။	ဦးအောင်ဆွေဦးမိသားစု(AT Myanmar Business Group Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၅၀၀၀၀၀
၂၁၁။	မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၅၀၀၀၀၀
၂၁၂။	ဦးအောင်မျိုးဟန်မိသားစု(Chin Dwin Construction Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၅၀၀၀၀၀
၂၁၃။	ဦးထင်သော်တိုးမိသားစု(Genius Industrial Supply Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၅၀၀၀၀၀
၂၁၄။	သီရိသုဓမ္မသိရီ ဒေါ်နီလာမိသားစုကောင်းမှု (သာသနာ့ဝန်မာန်တော်အတွက်လှူဒါန်းခြင်း)	၁၅၀၀၀၀၀
၂၁၅။	ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၂၀၀၀၀၀
၂၁၆။	ဖျဉ်းမနားမြို့မိမြို့ဖအလှူရှင် ၁၅ ဦးမှ စုပေါင်းကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၂၅၀၀၀၀
၂၁၇။	ဦးဘိုလေးမိသားစု(BLF Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၀၈၀၀၀၀
၂၁၈။	ဦးဘကျော်မိသားစု(THIHA SWANN MINING Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၀၈၀၀၀၀
၂၁၉။	ဦးအောင်နိုင်လင်းမိသားစု(Myanmar Royal Gem Glory Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၀၈၀၀၀၀
၂၂၀။	ဦးမျိုးလှိုင်ဦးမိသားစု(THANTI THITSAR Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၀၈၀၀၀၀
၂၂၁။	ဦးအောင်ဇော်စိုးမိသားစု(UNI NET Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၀၈၀၀၀၀
၂၂၂။	ဦးမျိုးသန်းမိသားစု(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၀၈၀၀၀၀
၂၂၃။	ဦးဘုန်းပြည့်ကျော်မိသားစု(Myat Ay Kan Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦးအတွက်လှူဒါန်းခြင်း)	၁၀၀၀၀၀၀

ဆက်လက်ဖော်ပြပါမည်။

မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦးများအတွက် **ကြီတင်လှူထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၅၅၆၁၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၃၀ ၂၀၁၃၀၀ ၂၈၃၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၊ ၀၉-၂၅၅၀၂၅၁၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၂ မြေကွက်အမှတ် (၇၉၄)၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေအမျိုးအစား – နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၇၉၄)၊ ပေါ်ဦးလမ်း၊ ၁၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးဝင်းမြင့် (E/RGN -၀၁၉၉၅၂) [၁၂/တမန(နိုင်)၀၄၆၉၇၈] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် ၂၀-၁၀-၂၀၂၂ ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်နှင့်နေအိမ်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်တို့အရဦးသစ်မင်းဆွေ [၈/သရန (နိုင်)၀၆၄၃၅၂]က ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ၀နံခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေး ဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

